စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# ဘုရားတနေတဲ့ ဘောဂဗေဒသမားများ


ခင်မောင်ညို
(ဘောဂဗေဒ)

mgyoe.com

mgyoe.com

ခေတ်ပြောင်း
စနစ်ပြောင်းတဲ့အခါတွေမှာလည်း
ဒီလိုပါပဲ။
အကျိုးဆုတ်ယုတ်သွားတဲ့သူ ရှိမယ်၊
အကျိုးရှိတဲ့သူရှိမယ်၊
အကျိုးရှိမယ့်သူတောင်မှ
သူမျှော်မှန်းသလို သူလိုချင်သလို အကျိုးမရှိရင်
ကျေနပ်မှာမဟုတ်ဘူး။





# ဘုရား တ နေတဲ့ ဘောဂဗေဒသမား

ခင်မောင်ညို (ဘောဂဗေဒ)

KMN0035
2,200.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးဝန်ညို၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - ကောစာချို
၂၀၁၃၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၂၀၀ ကျပ်

၈၀၈ · ၈၄

ဘုရားတနေတဲ့ဘောဂဗေဒသမား
ခင်ဖောင်ညို(ဘောဂဗေဒ) -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃။
စာမျက်နှာ ၁၆၁ မျက်နှာ၊ ၁၄ စင်တီ × ၂၁ စင်တီ
(၁) ဘုရားတနေတဲ့ဘောဂဗေဒသမား

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘုရားတနေတဲ့ ဗောဂဗေဒသမား ခင်မောင်ညို

(ဗောဂဗေဒ)

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဘယ်ဝန်ကို ဘယ်သူထမ်းကြမလဲ ၁

၂။ အလုပ်လက်မဲ့–အလုပ်ဉာဏ်မဲ့–အလုပ်စိတ်မဲ့ ၃

၃။ နှစ်သစ်နှင့် နှစ်ဟောင်း ၅

၄။ ဘယ်သူ့အတွက်လဲ ၇

၅။ စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ သဘောထားများ ၉

၆။ အလားအလာကောင်းတွေ ရှိနေတဲ့ မြန်မာနိုင်ငံ ၁၃

၇။ အစည်းအဝေးများ လူများ အချိန်နည်း ၁၇

၈။ ဒီမိုကရေစီ လမ်းလျှောက်သူများ ၂၀

၉။ ထုတ်လုပ် ကုန်သွယ်–မြှင့်ကြမယ် ၂၃

၁၀။ မြန်မာနိုင်ငံ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ ပူးပေါင်းလက်တွဲမည့်အခြေအနေ ၂၇

၁၁။ အသံနှင့် ဆူညံသံများ ၂၉

၁၂။ မပူကြသူများ ၃၂

၁၃။ စီးပွားရေးသုံးသပ်ချက် (၁) ၃၄

၁၄။ နားမဝင်သူများ ၃၈

၁၅။ ကမ္ဘာမကျော်သူများ ၄၀

၁၆။ စီးပွားရေး သုံးသပ်ချက် (၂) (နိုဘယ်လ်ဆုရှင်ရဲ့ ခရီးစဉ်အဆုံး ပြောကြားချက်များ) ၄၂


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၇။ | ရှားပါးတာတွေ | ၄၆ |
| ၁၈။ | သတ္တိရှိရှိ ဆင်ဆင်ခြင်ခြင် | ၄၈ |
| ၁၉။ | တစ်ပတ်အတွင်း စီးပွားရေးသုံးသပ်ချက် (၁) | ၅၁ |
| ၂၀။ | လုပ်နေတာတွေ၊ လုပ်စရာတွေ | ၅၅ |
| ၂၁။ | ဝေးနေနီးနေ | ၅၈ |
| ၂၂။ | စီးပွားရေး သုံးသပ်ချက် (၃) | ၆၀ |
| ၂၃။ | အစနှင့်အလယ်မှ အဆုံးသို့ | ၆၄ |
| ၂၄။ | တစ်ပတ်အတွင်း စီးပွားရေးသုံးသပ်ချက် (၂)<br>(အမျိုးသားစိမံကိန်း ဥပဒေ) | ၆၆ |
| ၂၅။ | ပွဲစည်စေမယ့်လူများ | ၇၁ |
| ၂၆။ | စီးပွားရေးသုံးသပ်ချက် (၄)<br>(အပြောင်းအလဲတွေနှင့် အခွန်စနစ်သစ်) | ၇၃ |
| ၂၇။ | ကိုယ့်အလုပ် သူ့အလုပ် | ၇၇ |
| ၂၈။ | ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ ဘယ်လိုလက်တွဲကြမလဲ | ၇၉ |
| ၂၉။ | သတင်းပေး–သတင်းယူ | ၈၃ |
| ၃၀။ | ငါန်းဇွန်ကို ပြန်နေချင်သူ | ၈၆ |
| ၃၁။ | စီးပွားရေး သုံးသပ်ချက် (၅)<br>ထိန်းကျောင်းမှုရှိတဲ့ နှုန်းရှင်ငွေလဲနှုန်းစနစ် | ၈၈ |
| ၃၂။ | စီးပွားရေး သုံးသပ်ချက် (၆)<br>(မြစ်ကြီးလေးသွယ်) | ၉၂ |
| ၃၃။ | (၅၆) နှစ် ငယ်သွားသူ | ၉၆ |
| ၃၄။ | အာရှ ဖွံ့ဖြိုးရေးဘဏ်၏ မြန်မာ့စီးပွားရေး သုံးသပ်ချက် | ၉၈ |
| ၃၅။ | သတင်းငတ်သူများ | ၁၀၃ |
| ၃၆။ | ထိရောက်ထက်မြက်တဲ့အစိုးရတို့ရဲ့ အကျင့်စရိုက် (၇)ခု | ၁၀၆ |
| ၃၇။ | တစ်ပတ်အတွင်း စီးပွားရေး သုံးသပ်ချက် (၃)<br>(ခြေလှမ်းပြင်နေကြတဲ့၊ နိုင်ငံတကာဘဏ်များ) | ၁၁၀ |
| ၃၈။ | တစ်ပတ်အတွင်း စီးပွားရေး သုံးသပ်ချက် (၄)<br>(မော်တော်ကားဈေးကွက်အပြောင်းအလဲ) | ၁၁၄ |
| ၃၉။ | ငါန်းဇွန်က ဧည့်သည်ကလေးများ | ၁၁၈ |
| ၄၀။ | ဓေတနာရယ်– ဇွမ်းရည်ရယ် | ၁၂၀ |


mgyoe.com

mgyoe.com

၄၁။ စီးပွားရေးသုံးသပ်ချက် (၇) ၁၂၂
(အမေရိကန်စီးပွားရေးပိတ်ဆို့မှုရှုတ်)
၄၂။ တစ်ပတ်အတွင်း စီးပွားရေး (၁) ၁၂၆
၄၃။ ကမ္ဘာကျော်ပညာရှင်များ မြန်မာ့စီးပွားရေးအတွက် အကြံပေးကြ ၁၃၀
၄၄။ လက်ဖက်ရည်တိုက်သူတွေကများ ၁၃၄
၄၅။ အိန္ဒိယ–မြန်မာကုန်သွယ်ရေး ၁၃၆
၄၆။ အဖေ့ကိုသတိရတယ် ၁၄၀
၄၇။ သူ့အိမ်မှာ ... ကိုယ့်အိမ်မှာ ၁၄၃
၄၈။ တစ်ပတ်အတွင်းစီးပွားရေး (၂) ၁၄၆
(သယံဇာတရန်ပုံငွေ)
၄၉။ ကျပ်တစ်သောင်းတန်ကို အကြောင်းပြု၍ ၁၄၉
၅၀။ ဟောင်ကောင်ခရီးသည် ၁၅၁
၅၁။ လူမှုရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ညီလာခံ ၁၅၅
၅၂။ သွားပါများလေ မျက်စိလည်လေ ၁၅၉

mgyoe.com

mgyoe.com

# ဘုရားတည့်နေတဲ့
# ဗောဂဗေဒသမား

ခင်မောင်ညို
(ဗောဂဗေဒ)

mgyoe.com

mgyoe.com

# ဒီတာဝန်ကို ဘယ်သူထမ်းကြမလဲ

၁

ကွယ်လွန်သူ၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)ဒေသ ကောလိပ် ကျောင်းအုပ်ကြီး၊ နောက်ပိုင်း ဒဂုံတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးကောင်းညွှန်နဲ့ ပြောဆိုတာလေးတစ်ခု သတိရတယ်၊ ဆရာ တစ်ယောက်က ကိုယ့်အလုပ်ကိုယ် မလုပ်ရဘူး။ အခြားအလုပ် တွေပဲ လျှောက်လုပ်နေရတယ်လို့ ပြောတော့။ ကိုယ့်အလုပ်ကို လုပ်ခွင့်ရတဲ့ အဆင့်ဆိုရင် မြန်မာနိုင်ငံက အတော်လေးတိုးတက် နေပြီလို့ ပြန်ပြောခဲ့ဖူးတာ သတိရတယ်။

အခု ကျွန်တော်တို့တစ်တွေ စီးပွားရေးအကြောင်း ပြောကြ ဆိုကြရေးသားကြတဲ့အခါ အမှန်တွေရယ်၊ လုံးဝမှားနေတာတွေ ရယ်၊ တစ်ဝက်တစ်ပျက်ပဲ မှန်တာတွေရယ် တွေ့တွေ့နေရတယ်။ အထူးသဖြင့် အမှားတွေ၊ တစ်ဝက်တစ်ပျက်ပဲမှန်တဲ့ အမှန်တွေနဲ့ တွေ့တဲ့အခါ ငါစာမရေးဘဲ၊ မပြောဘဲ နေလို့မဖြစ်ဘူးလို့ ထင်မြင် မိပါတယ်။ ခက်တာက အယ်ဒီတာတွေ၊ သတင်းထောက်တွေ၊ စာဖတ်ပရိသတ်တွေက ဘယ်ဟာက ပညာရှင်အပြော၊ ဘယ်ဟာ က ပညာရှင် မဟုတ်တဲ့သူပြောတာလို့ မခွဲခြားနိုင်ဘူး၊ တစ်ခါ တလေကျတော့လည်း၊ လက်လှမ်းမီသလောက် လိုက်ဆွဲပေမယ့် မောလွန်းလို့နိုင်သလောက်ပဲ ဆွဲပါတယ်။ တချို့ဆရာတွေ ပြော သလိုပဲ မေးရမယ့်သူကတော့ ဟုတ်ပါရဲ့ မေးတဲ့မေးခွန်းက မှား

mgyoe.com

mgyoe.com

နေတာ၊ မေးခွန်းက မှန်ပေမယ့် မေးရမယ့်သူတွေ လွဲနေတာကလည်း ခဏခဏ။

တစ်ခါတလေတော့လည်း ပြောင်းပြန်စဉ်းစားမိပါတယ်၊ လွယ်လွယ် ဥပမာပေးရရင် ဆရာဝန်ကို ပတ်တီးစည်းခိုင်းလို့ စည်းခိုင်း၊ သူနာပြုကိုဆေးကုခိုင်းလို့ခိုင်း ကြာတော့ ဆရာဝန်လည်း ဆေးမကုတတ်၊ သူနာပြုလည်း ပတ်တီးမစည်းတတ် ဖြစ်ကုန်ကြတော့မယ်။ ကိုယ်စီမံခန့်ခွဲတဲ့သူ၊ ဒါမှမဟုတ် ကိုယ်ခိုင်းရတဲ့သူဟာ ဘယ်လောက်အဆင့်ရှိတယ်။ သူ့ကိုဆေးကုခိုင်းရမလား၊ ပတ်တီး စည်းခိုင်းရမလား ဆိုတာ၊ မသိတာတွေ၊ မသိနိုင်တဲ့ အခြေအနေမျိုးတွေကို တွေ့တွေ့နေရလို့ပါ။

ကျွန်တော် တက္ကသိုလ်မှာ ရှိစဉ်တုန်းက မကြာခဏပြောခဲ့၊ မေးခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိတယ်။ တက္ကသိုလ်ပညာရေးမှာ အဓိကတာဝန်က ဘာလဲလို့။ အမျိုးမျိုးဖြေကြတာပေါ့လေ။ ကျွန်တော်က 'လုံခြုံရေး' လို့ပြောတော့ ရယ်ကြတယ်။ တကယ်တော့ အမှန်ပဲ။ အဲဒီအချိန်၊ အဲဒီအခြေအနေက အဆင့်မြင့်ပညာ တတ်မြောက်ရေးထက် လုံခြုံရေးတွေ၊ နိုင်ငံရေးတွေက အရေးကြီးခဲ့တာလေ။ နှစ်ပေါင်းအတော်ကြာမှ ပညာရေးဘက်ကို ပြန်လှည့်နိုင်တယ်။ ပညာရေးကဏ္ဍရဲ့ အဓိကတာဝန်ဟာ ပညာရေး မဟုတ်ခဲ့တာရဲ့ ရလဒ်ကို အခုတွေ့နေကြရပြီလေ။

ပညာရေးဌာနကနေ အစိုးရဌာနတစ်ခုကို ရောက်သွားပြန်တော့လည်း နိုင်ငံတကာ ဆက်သွယ်ရေးနဲ့ ပြန်ကြားရေးတာဝန် ထမ်းဆောင်တဲ့ဌာနနေရာမှာ အင်္ဂလိပ်လိုမပြောနိုင်၊ သူများပြောလည်း နားမလည်တဲ့သူတွေ ရောက်လာပြီး သူတို့ပြောတဲ့ အရှုပ်အရှင်းကိစ္စတွေ၊ ကားကိစ္စတွေ၊ ဆိုက်ကိစ္စတွေဘက်ပဲ အာရုံရောက်နေကြတာ တွေ့ခဲ့ရတယ်။

ဟော အစိုးရဌာနက စောစောစီးစီး အငြိမ်းစားယူလိုက်ပြီး ပြင်ပလောကကို ရောက်လာတော့လည်း ကိုယ့်အလုပ်ကိုယ်မလုပ်၊ ကိုယ့်အလုပ်ကိုယ်မလုပ်ရ၊ လုပ်နိုင်တာတွေ မလုပ်ရဘဲ၊ ထင်းခွေ၊ ရေခပ်၊ တံမြက်စည်းလှည်း အဆင့်လောက်ပဲလုပ်ရတာပါ။ ဒါတောင်မှ ကိုယ့်ဘာသာကိုယ် မနေနိုင်လို့ ရတဲ့နေရာလေးမှာ ပြောနိုင်၊ ဆိုနိုင်၊ ရေးနိုင်တာလေးတွေ လုပ်နေရတာပါ။ တကယ်တော့ ကိုယ့်အလုပ်ကို ကိုယ်မလုပ်ကြတာ၊ မလုပ်ရတာ အစိုးရဌာန တစ်ခုတည်းမှ မဟုတ်တာ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အချို့တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေမှာရော ဖြစ်နေ၊ တွေ့နေရတာပါ။

ဒါကြောင့် ကိုယ့်လုပ်ငန်း၊ ကိုယ့်အဖွဲ့အစည်း ဘယ်လောက် တိုးတက်နေသလဲ၊ ဘယ်လောက်တိုးတက်မယ့် အလားအလာရှိသလဲဆိုတာ သိချင်ရင်၊ လူမှန်နေရာမှန် ရှိပြီလား၊ ကိုယ့်အလုပ်ကိုယ် လုပ်နေကြပြီလား၊ သေးသေးနိုင်တဲ့သူက သေးသေး၊ ကြီးကြီးထမ်းနိုင်တဲ့သူက ကြီးကြီးထမ်းခွင့်ရနေပြီလား ဆိုတာနဲ့ ထိုင်စောင့်ကြည့်ဖို့ကောင်းတဲ့ အကြောင်းပါ။

mgyoe.com

mgyoe.com

# အလုပ်လက်မဲ့-အလုပ်ဉာဏ်မဲ့-အလုပ်စိတ်မဲ့

၂

တစ်လောက ဘီဘီစီက ကမ္ဘာမှာ အလုပ်လက်မဲ့တွေ တိုးပွားနေတဲ့ ကိစ္စ၊ မြန်မာနိုင်ငံမှာရော ဘယ်လောက် စိုးရိမ်ပူပန်မှုတွေ ရှိနေကြသလဲဆိုတာ လှမ်းမေးပါတယ်။ ကမ္ဘာအရပ်ရပ်နဲ့ မြန်မာပြည်ထဲက ဝိုင်းဝန်းဆွေးနွေးကြသလို ရှေ့နေတစ်ယောက်နဲ့ ကျွန်တော့်ကိုပါ လှမ်းမေးတယ်။ ရှေ့နေကတော့ အလုပ်လက်မဲ့ကိစ္စ၊ အလုပ်သမားရေးရာတွေကို ပိုပြီး စိတ်ဝင်စားပုံရပါတယ်။ နောက်ပိုင်းကျတော့ ဘီဘီစီ သတင်းထောက်တစ်ယောက်က အလုပ်သမားအရေးတွေနဲ့ အလုပ်လက်မဲ့ကိစ္စ နှစ်ခု ရောသွားတယ်။ အလုပ်သမားအရေးတွေ ရေပက်မဝင်အောင် ပြောသွားတော့ အလုပ်လက်မဲ့ကိစ္စ မှေးမှိန်သွားတဲ့အကြောင်း သူက ဝန်ခံပါတယ်။

ကျွန်တော့်ဘက်ကတော့ အလုပ်လက်မဲ့ရယ်၊ ပြီးတော့ အလုပ်ပေးချင်ဇောနဲ့ လုပ်ချင်ဇော လွဲချော်မှု (Structural Unemployment) ရှိတဲ့အကြောင်းတွေကိုပါ အတော်ပြောမိပါတယ်။ အလုပ်လက်မဲ့အကြောင်း ပြောရုံနဲ့ပြီးမှာ မဟုတ်ဘူးလေ။ ကျွန်တော့် မိတ်ဆွေတွေ အတော်များများက လစာကောင်းကောင်း ပေးပါ့မယ်။ ဝန်ထမ်းပို့ပေးစမ်းပါ ဆိုတာတောင် မပေးနိုင်ပဲ ဖြစ်နေလို့ပါ။ ဘွဲ့တွေ၊ လက်မှတ်တွေ တစ်ထပ်ကြီး ရပေမယ့် တကယ်တမ်းကျ လုပ်တတ် ကိုင်တတ်ကြတာ မဟုတ်ဘူးလေ။

mgyoe.com

mgyoe.com

ထပ်ထပ်ပြီး တွေ့လာရတာ တစ်ခုက အရည်အချင်းသာ မရှိတာ၊ အကြောင်းအားလျော်စွာ ဝယ်လိုအား ရှိနေ တတ်တဲ့အခါ ဖြောင့်ဖြောင့်လိုချင်သော အကောက်တွေထဲက အကွေးတွေ လောက်ပဲ ရရတဲ့ အဖြစ်မျိုးတွေပါ။ သူတို့ ပြောကြဆိုကြ တောင်းကြတဲ့ ဈေးနှုန်းတွေများဆို ကြောက် ခမန်းလိလိပါ။ အခွင့်အရေးတွေလည်း တောင်းတတ်ကြတယ်။ ခရီးစရိတ်ကိစ္စ၊ နားရက်ကိစ္စ၊ လစာတိုးဖို့ကိစ္စ စသဖြင့် အခွင့်အရေးတွေ တန်းစီတောင်းတတ် ကြပေမယ့် ဘာတာဝန်ယူမလဲ၊ ဘယ်လောက်ထိ လုပ်ပေးနိုင်မလဲဆိုတဲ့အခါ အသံတွေ တိတ်သွားတတ်ကြပါတယ်။ အားအနည်းဆုံးက အင်္ဂလိပ်စာဘာသာနဲ့ ပြောဆိုသုံးနှုန်း ဖတ်နိုင်တဲ့ စွမ်းရည် မရှိကြတာပါ။ အင်္ဂလိပ်ဘာသာနဲ့ ရေးနိုင်ဖို့ဆိုတာကတော့ အဝေးကြီးပါ။

အကြောင်းအားလျော်စွာ လစာကောင်း၊ နေရာ ကောင်းတွေ ရထားကြ၊ ရလာကြတဲ့ အခါမှာလည်း နေတတ်ဖို့ လိုတယ်။ နေတတ်၍ ဘယ်နေရာမဆို အနေချောင်ရင် ပြီးတယ်ဆိုတဲ့ စိတ်ဓာတ် ရှိနေတတ်တဲ့သူ တစ်ယောက်ကြောင့် သူတစ်ယောက်သာမက အခြားသူတွေ အထူးသဖြင့် လုပ်ချင်ကိုင်ချင်စိတ် ရှိတဲ့သူတွေကိုပါ ဒုက္ခ ပေးတာ တွေ့ရတယ်။ အလုပ်မလုပ်ဘဲ စားလို့ရတယ်ဆိုတဲ့ စိတ်ဓာတ်ဟာ အလုပ်လုပ်မှ စားလို့ရတယ်ဆိုပြီး ကြိုးစားနေတဲ့သူတွေ စိတ်ဓာတ် ပျက်ပြားစရာ လူညံ့တွေလို့ ခေါ်စရာ ဖြစ်သွားစေတတ်ပါတယ်။

ဒါကြောင့် အလုပ်လက်မဲ့တွေသာမဟုတ် လက်ထဲမှာ အလုပ်မရှိတဲ့သူတွေ သာမက စိတ်ထဲမှာ အလုပ်မရှိတဲ့ သူတွေ အာရုံထဲမှာ အလုပ်မရှိတဲ့သူတွေလည်း ရှိသေးတယ်လို့ ပြောချင်တာပါ။ သူတို့တစ်တွေက အလုပ်စိတ်မဲ့တွေပေါ့။

မွေးမွေးချင်း စစချင်းတော့ ဘယ်သူမှ သိကြတတ် ကြတာ မဟုတ်ပါဘူး။ ဒီလိုမျိုးပါပဲ။ တဖြည်းဖြည်း တတ်အောင် လုပ်ကြရတာပါ။ အလုပ်စိတ်မဲ့တွေနဲ့ တတွဲတွဲ တွေ့ရတတ်တာ အလုပ်ဉာဏ်မဲ့တွေပါ။ ဉာဏ်နည်းနည်း လေးမှ မသုံးပဲ အလုပ်လုပ်တတ်ကြပြီး ဖြစ်နိုင်ရင် အလုပ်မလုပ်ဘဲနေပေးပါ။ ကျေးဇူးတင်ပါတယ်လို့ ပြောရမယ့်သူမျိုးတွေပါ။ အထူးသဖြင့် ကိုယ်သိထားတတ်ထားတာလေးကိုပဲ အကြီးအကျယ်လုပ်ပြီး အခြေအနေကို သဘောမပေါက်၊ ကာလဒေသကို နားမလည်ဘဲ ရှုပ်ကြတတ်လွန်းလို့ အလုပ်လုပ်တာမဟုတ်၊ အရှုပ်လုပ်တာလို့ ပြောစမှတ် ဖြစ်နေတတ်တဲ့သူတွေပါ။

ဒါကြောင့် အလုပ်လက်မဲ့တွေ မရှိဖို့ဆိုရင် ကိုယ်တိုင်ကလည်း ခေတ်နဲ့ အံဝင်ခွင်ကျတဲ့ နည်းပညာ၊ အတတ်ပညာတွေ၊ ဗဟုသုတတွေ ရှိထားဖို့၊ ဈေးကွက်နဲ့ ကိုက်ညီတဲ့ စိတ်နေ စိတ်ထားတွေ၊ လုပ်ငန်းခွင်နဲ့ ကိုက်ညီတဲ့ ဉာဏ်ပညာတွေလည်း ရှိထားဖို့ လိုပါမယ်။ လူ့စွမ်းအား အရင်းအမြစ်လို့ ပြောကြရာမှာ သူများကိုမကြည့်၊ ဘေးကိုမကြည့်၊ အပေါ်တွေ အောက်တွေကို မကြည့်ဘဲ ကိုယ် အလုပ်လုပ်ချင်တဲ့ လက်မရှိတာ၊ အလုပ်လုပ်ဖို့ စိတ်မရှိတာ၊ အလုပ်လုပ်ဖို့ လိုအပ်တဲ့ ဉာဏ်ပညာရှိဖို့ လိုအပ်တဲ့အကြောင်းတွေကို အလေးပေး စဉ်းစား ဆောင်ရွက်စေချင်ပါတယ်။

mgyoe.com

mgyoe.com

၄

# နှစ်သစ်နှင့် နှစ်ဟောင်း

ဒီအချိန်မှာ ဗေဒင်နက္ခတ် ဝါသနာပါတဲ့သူတွေရော၊ ဝါသနာမပါတဲ့ သူတွေရော၊ အနာဂတ်နဲ့ပတ်သက်လို့ စိတ်ဝင်စားကြတဲ့ စိတ်ဝင်စားရမယ့် အချိန်အခါဖြစ်ပုံရပါတယ်။ အနာဂတ်နဲ့ ပတ်သက်တဲ့ ဟောစာတမ်းတွေအားလုံးမှာ သေချာပေါက်တွေ့ရမယ့် ဝေါဟာရကတော့ အပြောင်းအလဲပဲ ဖြစ်မှာပါ။ ကျွန်တော့် မိတ်ဆွေ ဩစတြေးလျနိုင်ငံက စီးပွားရေး ပညာပါမောက္ခ တစ်ယောက်ကတော့ အပြောင်းအလဲ Change လို့ လက်ခံပေမဲ့၊ ပြုပြင်ပြောင်းလဲရေး Reform အဖြစ်တော့ လက်မခံပါဘူး။

တစ်နေ့ကပဲ ကျွန်တော့်မိတ်ဆွေတွေရဲ့ အစီအစဉ်နဲ့ ဧရာဝတီတိုင်း၊ ကနောင်မှာ ဆရာဟိန်းလတ်တို့ သရုပ်ဆောင် ဗေလုဝ တို့နဲ့အတူ ဟောပြောပွဲသွားဟောရတယ်။ ပထဝီမကျွမ်းကျင်တဲ့ ကျွန်တော့်မှာ ဧရာဝတီတိုင်းသွားဖို့အရေး ပြည်မြို့တစ်ဖက်ကမ်း ကူးရတာကစပြီး မျက်စိလည်နေတော့တာပဲ၊ မြန်ရန်အောင်မယ် လို့ အားပါးတရ အဓိပ္ပာယ်ကောက်ချင်တဲ့ မြန်အောင်ကို ရောက်ဖို့ အသွားမှာ ၈ နာရီကြာပြီး အပြန်မှာ ၁၂နာရီကြာတော့ အပြန်မှာ ချိန်းထားတဲ့ကိစ္စတွေ အကုန်လုံးလွဲကုန်တော့တာပါပဲ။ မြန်အောင် ဆိုပေမဲ့ မမြန်နိုင်တော့လည်း လုပ်စရာကိစ္စတွေ၊ မအောင်မမြင် ဖြစ်ရတယ်။

mgyoe.com

 mgyoe.com 

"ကနောင်"ကတော့ သူတို့မြို့သူတို့ ရာဇဝင်တွေ၊ သမိုင်းအစဉ် အလာတွေနဲ့ ဂုဏ်ယူဝံ့ကြတယ်။ ကနောင်မြစ်ကမ်းပါးက ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးကို ဖူးရတော့ ကျွန်တော့်နှလုံးသားလည်း စေတီတော်က တံခွန်တိုင်နဲ့ အတူ၊ ဧရာဝတီမြစ်ထဲကို ပြုတ်ကျသွားတယ်။ ကြည့်စမ်းပါဦး၊ ကျွန်တော်တို့တစ်တွေက ဧရာဝတီမြစ်ဆုံအကြောင်း ပြောနေချိန်မှာ မြစ်အလယ်မှာ သောင်တွေထွန်း၊ ရေအနက်ဆုံးနေရာက ငါးပေပဲရှိသတဲ့၊ ဧရာဝတီ မြစ်ထိန်းသိမ်းရေးဆိုတာ မြစ်ရဲ့အစ၊ အလယ်၊ အဆုံး၊ မြစ်ဆုံအစ၊ မြစ်ဆုံ အဆုံး၊ လုပ်ရမယ့်ကိစ္စမဟုတ်ပါလား။

မထိန်းသိမ်းနိုင်တဲ့မြစ်ရေစီးကြောင်းက ကနောင်ကမ်းပါးကို တိုက်စားတော့ ပြည်လုံးချမ်းသာ စေတီတော်ခမျာ ပြည်လုံးမပြောနဲ့ စေတီတော်ကိုယ်တိုင် မချမ်းသာနိုင်ရှာပါဘူး။ သဘာဝဘေးရန်သာမက လူတွေ ဖျက်ဆီးကြတဲ့ ဒဏ်ကိုလည်း ခံရတော်မူသေးတယ်။ ရုပ်တော်မူဆင်းတုတော်တစ်ဆူကို ခြေထောက်ပဲချန်ခဲ့ပြီး ဖြတ်ယူပင့်ဆောင်သွားကြတယ်။

ကနောင်ဟာ ခေတ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ပါတယ်။ ရွှေထီးဆောင်းတဲ့အချိန်ကနေ ရွှေထီးကိုရောင်းရတဲ့ အချိန်တွေကို ရောက်ခဲ့တယ်။ တိုးတက်လိုသူ၊ ပြုပြင်လိုသူ ရှေ့တက်လိုသူတွေကို မိမိအတ္တအတွက် ဖယ်ရှားတတ်တဲ့ အရိပ်မည်းကြီးကိုလည်း သတိရစေတယ်။ အပြောင်းအလဲတွေနဲ့ ကြုံရာမှာ အပြောင်းကြောင့် အလဲအကျွဲ တွေကြုံကြိုက်ခဲ့ရရှာတယ်။ အပြောင်းကြောင့် ကောင်းတဲ့ဘက်ကို မရွှေ့နိုင်ခဲ့ဘူး။ ရွှေ့အောင်လည်း မဖန်တီးနိုင်ခဲ့ဘူး။ ကနောင်သူ ကနောင်သားတွေ ညံ့ခဲ့လို့ပဲလို့တော့ မယူဆပါဘူး။

တကယ်တော့ မြန်မာ့သမိုင်းဟာလည်း ကနောင်ရဲ့ သမိုင်းပါ။ အပြောင်းအလဲမှာ နေရာအချ နေရာအယူ လွဲမှားရင်နောက်ကျ ကျန်ရစ်ခဲ့မယ်။ ရာဇဝင်ထဲမှာ အတင်ခံရပေမယ့် ပစ္စုပ္ပန်မျက်နှာစာမှာတော့ တွေ့ရမှာမဟုတ်ပါဘူး။

အပြောင်းအလဲတွေကနေ အလဲအကျွဲတွေ မဖြစ်ရလေဘဲ အခွင့်အလမ်းသစ်တွေ စာမျက်နှာအသစ်တွေအဖြစ် ဖန်တီးနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ အသိပညာ၊ ဉာဏ်ပညာတွေ၊ ဗဟုသုတတွေ၊ ဆက်သွယ်ရေး ကွန်ယက်တွေ၊ နည်းပညာကွန်ယက်တွေကို စိန်ခေါ်နေလေရဲ့၊ နှစ်သစ်ဆိုပေမယ့် နှစ်ဟောင်းတုန်းက မဆပ်နိုင်သေးတဲ့ အကြွေးတွေကို ဆပ်နိုင်အောင်ကြိုးစားနေရပါသေးတယ်။

■

mgyoe.com

mgyoe.com

# ဘယ်သူ့အတွက်လဲ

၄

ကျွန်တော်တို့ အခုရောက်နေတဲ့ အိမ်မှာ ကားလမ်းနဲ့ နီးလို့ ကားတွေ၊ အထူးသဖြင့် ကားကြီးတွေ ဖြတ်သွားတဲ့အခါ အိမ်က လှုပ်နေလို့ ရောက်ခါစကဆိုရင် ကောင်းကောင်းအိပ်မပျော်ဘူး။

နောက်ပြီးတော့ မိုးတွင်းမှာ ချိုင့်ကြီးတွေ ဖြစ်နေလို့ ပြောစမှတ် ဖြစ်ရလောက်အောင် အသွားရ အလာရ ခက်တယ်။ နောက်တော့ လမ်းတစ်ခြမ်းကို အသစ်ပြန်ခင်းပြန်တယ်။ ဒီတော့လည်း လမ်းတစ်ခြမ်းကောင်း၊ လမ်းတစ်ခြမ်းဆိုး ဖြစ် သွားတယ်။

တော်တော်လေးကြာပြန်တော့ တစ်လမ်းလုံးပိတ်ပြီး ပြန်ပြင်တယ်။ တစ်ပေလောက် အထူရှိတဲ့ ကွန်ကရစ်လမ်းမကြီး ခင်းတယ်။ အတော်လေး အချိန်ယူပြီးပြင်တယ်။ ကားလမ်းသာမက ပလက်ဖောင်းတွေရော၊ မှတ်တိုင်တွေရော အားလုံး ပြန်ပြင်တော့ အားလုံးတအံ့တဩကို ဖြစ်ကြလို့။ မိတ်ဆွေတွေ၊ တပည့်တွေက ဆရာညိုနေတဲ့ လမ်းမို့ထင်ပါရဲ့။ သူတို့တောင် ပြောင်းလာချင်တယ်လို့ နောက်ပြောင်ကြတယ်။ ကိုယ်စွမ်းလို့တော့ မဟုတ်ပါဘူး။

အခုဆို ကျွန်တော်တို့နေတဲ့ အခန်းတွေဟာ ကားသံဆူညံနေပေမယ့် လုံးဝလှုပ်ခြင်း၊ ယမ်းခြင်း မရှိတော့ဘူး။ (ချွင်းချက်အနေနဲ့တော့ ရန်ကုန်တစ်မြို့လုံး လှုပ်ရှားသွားတဲ့

mgyoe.com

ပေါက်ကွဲမှုမှာ မှန်တစ်ချပ်မှ မကွဲဘူး)။ .

တစ်လောတုန်းက မြန်အောင်–ကနောင်ဘက် ရောက်တယ်။ တစ်သက်လုံး မှတ်လာခဲ့တဲ့ အကောင်းဆုံးလမ်းတွေထဲမှာ ရန်ကုန် – ပြည်လမ်းလည်း အပါအဝင် ဖြစ်တယ်။ အခုလည်း ဒီလမ်းက ကောင်းနေဆဲဖြစ်လို့ ဝမ်းသာရပါတယ်။

အများသိကြတဲ့ ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမကြီးကတော့ ပြောစမှတ်ဖြစ်လောက်တဲ့ လမ်းအသစ်ကြီးပါပဲ။ အချိန်ကုန်သက်သာတာ အပါအဝင် ကောင်းတာတွေလည်း ခံစားရ၊ အန္တရာယ်နဲ့ တွေ့တဲ့သူလည်းတွေ့ရဲ့ လမ်းတွေအမျိုးမျိုးရှိနေတယ်။ ဘယ်ခေတ် ဘယ်အချိန်မဆို ဆက်ပြီး အသုံးဝင်နေတဲ့လမ်းတွေ ရှိတယ်။ ပြုပြင်ထိန်းသိမ်းရုံနဲ့ ဆက်ပြီး သုံးလို့ရတဲ့ လမ်းတွေ ရှိတယ်။ အပေါက်ဖာရုံထေးရုံနဲ့ သုံးလို့ရတဲ့ လမ်းတွေ ရှိတယ်။ လုံးဝကို အသစ်ပြန်ခင်းရမယ့်လမ်း ရှိတယ်။ အဲသလိုပဲ အသုံးမဝင်တော့လို့ ပယ်လိုက်ရ၊ ဖျက်လိုက်ရ၊ ပိတ်လိုက်ရတဲ့ လမ်းတွေ ရှိမယ်။ အသစ်ဖောက်ဖို့ လိုတဲ့ လမ်းတွေ ရှိတယ်။

လမ်းဟောင်းတွေ ဖယ်ကာ၊ ပြိကာ၊ လမ်းသစ်တွေ ဖောက်တာတွေကြောင့် အချို့လူတွေ အတွက် အကျိုးဆုတ်ယုတ်မယ်။ တချို့လူတွေ အကျိုးရှိမယ်။ အကျိုးရှိတယ်ဆိုတာတောင်မှ သူတို့ မျှော်လင့်သလောက် အကျိုးရှိတာ မဟုတ်၍ ကျေနပ်မှု ရချင်မှ ရမယ်။ အကျိုးယုတ်တဲ့သူ၊ အကျိုးစီးပွား ပျက်ပြားတဲ့သူကတော့ လုံးဝကျေနပ်မှာ မဟုတ်ဘူး။

ခေတ်ပြောင်း စနစ်ပြောင်းတဲ့အခါတွေမှာလည်း ဒီလိုပါပဲ။ အကျိုးဆုတ်ယုတ်သွားတဲ့သူ ရှိမယ်။ အကျိုးရှိတဲ့သူ ရှိမယ်။ အကျိုးရှိတဲ့သူတောင်မှ သူမျှော်မှန်းသလို သူလိုချင်သလို အကျိုး မရှိရင်ကျေနပ်မှာ မဟုတ်ဘူး။

ဒါပေမဲ့လည်း ပြုပြင်ဖာထေးစရာ ရှိတာ ဖာထေး၊ လမ်းသစ် ဖောက်စရာရှိရင် ဖောက်၊ လမ်းဟောင်းတွေ ဖယ်တန်စရာရှိရင်လည်း ဖယ်ရမှာပါ။ အများအကျိုး ရှိမယ်။ ရေရှည်အကျိုး ရှိမယ်ဆိုရင် ဖာထေးထားသင့်တာ ဖာထေး၊ ပြုပြင်သင့်တာ ပြုပြင်၊ လမ်းသစ် ဖောက်တန်တာ ဖောက်ကြရမှာပါ။ လမ်းအသစ်နဲ့ အံမဝင်သေးတဲ့သူ၊ စိမ်းနေတဲ့သူတွေကိုလည်း လမ်းအသစ်နဲ့ ယဉ်ပါးအောင် ဆောင်ရွက်ရမှာပါ။ လမ်းသစ်ရဲ့ အကျိုးစီးပွားတွေကို လက်ခံသဘောပေါက်ပြီး အများဝိုင်းဝန်း ဆောင်ရွက်အောင်လည်း ကြိုးစားကြရမှာပါ။

■

mgyoe.com

mgyoe.com

၅

# စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ သဘောထားများ

စီးပွားရေးပိတ်ဆို့မှုများ ရလဒ်ကို ကြိုတင်ခန့် မှန်းရခက်သည်။ လုပ်ရပ်များ၏ရလဒ်ကို ကြိုတင်မှန်းဆရန်ခက်သည်ဆိုရာ၌ စီးပွားရေးပိတ်ဆို့မှုတစ်ခုတည်းသာမဟုတ်ပါ။ အခြားမူဝါဒများ၊ လုပ်ရပ်များ၏ ရလဒ်များသည်လည်း ကြိုတင်မှန်းဆရန် ခက်ခဲတတ်ပါသည်။ မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ၊ အကျိုးဆက်များ၊ ဘေးထွက်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်တတ်ပါသည်။ စစ်အင်အား သုံးခြင်းသည်လည်း ဖြစ်ချင်သည့်အတိုင်း ဖြစ်ချင်မှ ဖြစ်တတ်ပါသည်။ နိုင်ငံတကာနယ်ပယ်တွင် ဝါဒဖြန့်သည်များကို မိမိကအဓိပ္ပာယ် ကောက်စေချင်သလို မကောက်ဘဲ၊ သူကောက်ချင်သလို ကောက်သွားနိုင်သည်။ သံခင်းတမန်ခင်း ဆောင်ရွက်ခြင်းများကို ချော့မြှူခြင်းဟု ထင်နိုင်သည်။ မည်သို့လုပ်လျှင် မည်သို့ဖြစ်သည်ကို၊ မည်သည့်နေရာ၌မဆို မှန်းဆရန်ခက်သည်။ စီးပွားရေးပိတ်ဆို့မှုများကို အကောင်အထည်ဖော်ရာ၌ အခက်အခဲများစွာ ကြုံတွေ့ရသည်။ နိုင်ငံအတော်များများ၌ သံခင်း တမန်ခင်းကိစ္စများ၊ စစ်ရေးကိစ္စများအတွက် ကျွမ်းကျင်သူ၊ စနစ်တကျ လေ့ကျင့်ထားသူများ များစွာရှိသော်လည်း စီးပွားရေး နည်းလမ်းများကို နိုင်ငံရေးရည်မှန်းချက်များအတွက် အသုံးပြုရန် ကျွမ်းကျင်သူ ရှားပါးသည်။ စီးပွားရေးပိတ်ဆို့မှုများ၏ သဘော သဘာဝ

mgyoe.com

mgyoe.com

ကြောင့်ထက် စီးပွားရေးပိတ်ဆို့မှုကို အကောင်အထည်ဖော်ရန်ခက်ခဲခြင်းဖြစ်သည်။

စီးပွားရေးပိတ်ဆို့မှုများ၏ ထိရောက်မှုသည် ထိုမူဝါဒကို တစ်နိုင်ငံလုံးက မည်မျှထောက်ခံသည် မထောက်ခံသည်ဆိုသည့် အပေါ်တွင်မူတည်သည်။ ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ၊ ဒုတိယကမ္ဘာစစ်တို့ သည်လည်း အလားတူပင်ဖြစ်သည်။ စီးပွားရေးပိတ်ဆို့မှုကို ပြုလုပ်သောနိုင်ငံ၏ မည်သည့်အတိုင်းအတာအထိ ထောက်ခံမှုရသည်၊ မရသည်ဆိုသည်မှာ အရေးကြီးသည်။ သံတမန်တစ်ဦးက "ကျွန်ုပ်တို့နိုင်ငံသားများက ထိုကိစ္စကိုလက်မခံနိုင်ပါ" ဟု ပြောပြီး၊ သူပြောသည့်အတိုင်းလည်း တကယ်ကို နိုင်ငံသားများကလက်မခံလျှင် လုပ်ရပ်တစ်ခုအနေဖြင့် ပို၍ထိရောက်မှုရှိသည်။ ကြားလူဝင်လာလျှင် စီးပွားရေးပိတ်ဆို့မှု၏ ထိရောက်မှု လျော့နိုင်သည်။ မိမိကိုက ကုန်သွယ်မှုမပြုလျှင်သော်လည်းကောင်း၊ အခြားသူများက ဝင်ရောက်ကုန်သွယ်ခြင်း။ ရင်းနှီးမြှုပ်နှံခြင်း လုပ်တတ်သည်။ ထိုသို့လုပ်တတ်သော သဘောကိုလည်း ကြိုတင်၍ တွက်ဆနိုင်သည်။

စီးပွားရေးပိတ်ဆို့မှုသည် စီးပွားရေးပိတ်ဆို့သည့် နိုင်ငံတွင်ရော စီးပွားရေးပိတ်ဆို့မှုခံရသည့်နိုင်ငံတွင်ပါ စီးပွားရေးနယ်ပယ်တွင် အစိုးရ၏ပါဝင်မှု များစေနိုင်သည်။ ဤအဆိုပြုချက်ကို တစ်ဖက်က သံခင်းတမန်ခင်းနှင့် ဝါဒဖြန့်ချိမှု၊ တစ်ဖက်ကစီးပွားရေးနှင့် စစ်ရေးတို့ကို သီးခြားခွဲထားလိုပုံရသည်။ သို့သော် စစ်ဖြစ်လာသည့်အခါမျိုး၌ စီးပွားရေးနယ်ပယ်တစ်ခုလုံးသည် စစ်ရေးလက်အောက်ခံ ဖြစ်သွားသည်။ စစ်ရေးနှင့် စီးပွားရေးကို လုံးဝခွဲခြား၍ မရတော့ပေ။ စီးပွားရေးတွင်နိုင်ငံရေးနယ်ပယ် (အစိုးရ)၏ ပါဝင်မှုမှာ အခြေအနေ၊ အချိန်အခါအလျောက် အနည်းအများ၊ အလျော့အတင်း ပြောင်းလဲမှုရှိပါသည်။

စီးပွားရေးပိတ်ဆို့မှုများသည် ချက်ချင်းအကျိုး သက်ရောက်မှုမရှိ၊ အကျိုးတရားကို ဖြည်းဖြည်းမှ တွေ့ရသည်။ ဤအချက်ကို ငြင်းပယ်စရာမရှိပေ၊ သို့သော် သတိထားစရာ တစ်ခုရှိသည်။ သံတမန်နယ်ပယ်တွင် စိတ်ရှည်ခြင်းသည် အရည်အချင်းတစ်ခုဖြစ်သည်။ သို့ဖြစ်၍ ခုရေတွင်းတူး၊ ခုရေကြည်သောက်ရမည်ဟု မမျှော်လင့်နိုင်ပေ။ ဝါဒဖြန့်ချိရာ၌လည်း ချက်ချင်းအောင်မြင်မည်ဟု မဆိုနိုင်။ စစ်ရေးနည်းလမ်းများပင်လျှင် ချက်ချင်းအောင်မြင်သည့်အခါရှိသလို၊ ဖြည်းဖြည်းမှ အောင်မြင်သည့်အခါများရှိသည်။ ထို့ကြောင့် မြန်မြန်အကျိုးသက်ရောက်စေရမည်ဟု မည်သည့်အခါမျှ မမျှော်လင့်နိုင်ပေ။

စီးပွားရေးပိတ်ဆို့မှုကြောင့် ထိခိုက်နစ်နာမှုများ ရှိနိုင်သည်။ ထိခိုက်နစ်နာမှု ဆိုသည်မှာလည်း မည်သည့်နေရာ၌မဆို ရှိသည်။ တစ်ဖန်ထိခိုက်သည်၊ ထိခိုက်နစ်နာမှုများသည် နည်းသည်ဆိုသည်မှာလည်း သူ့ချည်းသက်သက်ပြော၍ မရပေ။ တစ်ခုခုနှင့် နှိုင်းယှဉ်ပြီးမှသာ ပြောနိုင်သည်။ အကြမ်းဖျဉ်း ပြောရလျှင် သံခင်းတမန်ခင်းကိစ္စများနှင့် ဝါဒဖြန့်ချိရေးကိစ္စများသည် စီးပွားရေးပိတ်ဆို့မှုနှင့်စာလျှင် အထိအခိုက် နည်းသည်။ စရိတ်အကုန်အကျမှု သက်သာသည်။ သို့သော်စစ်ရေးနှင့်ယှဉ်လျှင် စီးပွားရေးပိတ်ဆို့မှုများသည် အထိအခိုက်၊ အကုန်အကျသက်သာသည်ဟုဆိုနိုင်သည်။ တစ်ခါတရံ၌ စရိတ်သက်သာလျှင်ပိုပြီး ထိရောက်သည်ဟု ယူဆတတ်ကြသည်။

mgyoe.com

mgyoe.com
စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ညီညီမျှမျှမခံကြရ။ တစ်နိုင်ငံ အတွင်း၌လည်းကောင်း၊ နိုင်ငံများ အကြား၌ လည်းကောင်း ကြုံတွေ့ရသည့်ဒုက္ခများ၊ စရိတ်စကများကို ညီတူညီမျှဝေငှကျခံရမည် ဆိုသည်မှာ မည်သည့် အခါမျှမဖြစ်နိုင်ပေ။ မည်သည့်နည်းလမ်းကို သုံးသည် ဖြစ်စေ မျှမျှတတ မဖြစ်နိုင်။ ကြုံတွေ့ရသည့်ဒုက္ခများ၊ စရိတ်စကများကို မျှဝေရန် အသာထား၍ မည်သည့် ဒုက္ခများ ကြုံတွေ့ရမည် စရိတ်စက မည်မျှကုန်မည်၊ ထိခိုက်နစ်နာမည်ဟုပင် တိတိကျကျသတ်မှတ်ရန် ခက်သည်။ စီးပွားရေးဆိုင်ရာ စရိတ်စကများကို တွက်ဆ၍ရလျှင်ပင်၊ စီးပွားရေးနှင့်မဆိုင်သော စရိတ် စကများကိုတွက်ရန် ခက်သည်။ စီးပွားရေး ဆိုင်ရာ စရိတ်စကများလျှင် တော်တော်တန်တန် တွက်ရနိုင် သော်လည်း အခြားစရိတ်စကများနေလျှင် တွက်ရန် လဲခက်၊ ခွဲဝေရန်လည်း ခက်သည်။ အရာရာကို ငွေကြေးသုံးပြီး လိုက်လံတိုင်းထွာ၍မရပေ။ ငွေကြေးဆိုင်ရာ စရိတ်စကထက် အခြား စရိတ်စကများက ပိုပြီးအရေးကြီးနေနိုင်သည်။ တစ်ဖန်စရိတ်အားလုံးကို တွက်ဆ၍ ရသည့်တိုင် အများကလက်ခံမှသာ စရိတ်စကကို မျှမျှတတ ခွဲဝေနိုင်မည်။ ယှဉ်ကြည့်လျှင် စီးပွားရေး နည်းလမ်းထက် စစ်ရေးနည်းလမ်းကို သုံးပါက ထိခိုက်နစ်နာမှုနှင့် စရိတ်စကများ ပိုပြီး မမျှမတ ဖြစ်သည်ကို တွေ့ရမည်။ ဉပမာ–အမေရိကန် ပြည်ထောင်စု၌ ဗီယက်နမ်စစ်ပွဲအတွက် ထိခိုက် ဒဏ်ရာရသူ၊ သေဆုံးသူအများစုသည် လူငယ်လူရွယ်များ၊ ဆင်းရဲသားများ၊ လူဖြူ မဟုတ်သူများ၊ ပညာသိပ်မတတ်ကြသော အမျိုးသားများ ဖြစ်နေသည်ကို တွေ့ရသည်။ ဗီယက်နမ်စစ်နှင့်စာလျှင် သမ္မတဂျင်မီကာတာ၏ ဂျုံပိတ်ဆို့မှုက ပိုပြီး မျှမျှတတဖြစ်သည်ဟု ဆိုနိုင်သည်။

စီးပွားရေးပိတ်ဆို့မှုများကြောင့် အိမ်နီးချင်း နိုင်ငံများ ထိခိုက်နိုင်သည်။ အချို့အခြေအနေ တွင် မည်သည့် နည်းလမ်းကိုသုံးသည်ဖြစ်စေ ဘေးထွက်အကျိုးသက်ရောက်မှု (Side Effect) များ ဖြစ်ပေါ်နိုင်သည်။ ဗီယက်နမ်စစ်ပွဲ၏ဒဏ်ကို ဗီယက်နမ်တို့သာမက လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းတို့လည်း ခံကြရသည်။ စစ်ဒဏ်ခံရသည်နှင့်စာလျှင် စီးပွားရေးပိတ်ဆို့မှုကြောင့် ပျံ့နှံ့သည့် ဒဏ်ခံရသည်က သက်သာသေးသည်ဟု ဆိုလေ့ရှိကြသည်။

စီးပွားရေးပိတ်ဆို့မှုများကို ရပ်တန့်ရုပ်သိမ်းရန် ခက်သည်။ အထူးသဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများက ချမှတ်သည့် စီးပွားရေးပိတ်ဆို့မှုများကို ရပ်တန့်ရန်(သို့မဟုတ်) ရုပ်သိမ်းရန် ပို၍ခက်သည်။ ပြဿနာမှာ စီးပွားရေး ပိတ်ဆို့မှုသက်သက်နှင့်မဆိုင်ဘဲ ပိတ်ဆို့မှုကို ချမှတ်သော နိုင်ငံများ၊ အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချပုံ၊ ချမှတ်နည်းများ၊ ဖြစ်စဉ်များနှင့် ပိုပြီး ပတ်သက် သည်။

စီးပွားရေးပိတ်ဆို့မှုကြောင့် ဖြစ်ချင်တာတွေ မဖြစ်ဘဲ၊ မဖြစ်ချင်တာတွေဖြစ်လာတတ်သည်။ ဤနေရာတွင်လည်း ဖြစ်ချင်တာတွေ မဖြစ်ဘဲ၊ မဖြစ်ချင်တာတွေ ဖြစ်လာတတ်သည်မှာ ထုံးစံ တစ်ခုပင် ဖြစ်သည်။ ပြေလည်ရန်ကြိုးစားရင်း မပြေမလည်ဖြစ်ရသည်များ၊ စည်းရုံးသိမ်းသွင်းရင်း ကိုယ့်ဘက်မပါဘဲ သူ့ဘက်ပါသွားသည်များမှာ ဖြစ်လေ့ဖြစ်ထ ရှိသည်များဖြစ်သည်။ စစ်ရေးတွင် မြို့တစ်မြို့ကို ကယ်တင်ရန် ကြိုးပမ်းရင်း ထိုမြို့ကို ဖျက်ဆီးပစ်လိုက်မိသည့် အဖြစ်မျိုး တွေ့ကြုံ ရတတ်သည်။ လုံခြုံရေးအတွက် လက်နက်များ အပြိုင်အဆိုင်ထုတ်လုပ်ကြရင်း ပိုပြီးမလုံခြုံသည့်
mgyoe.com

mgyoe.com
အခြေအနေမျိုး ဆိုက်ရောက်တတ်သည်။ (၂၀)ရာစုနှစ်တွင် ဂျပန်နိုင်ငံက ကာကွယ်ရေးအတွက် အသုံးပြုသော ရင်းနှီးမြှုပ်နှံမှုများသည် ခုတ်ရာတခြား ရှရာတလွဲဖြစ်နိုင်သည်။ ထိုသို့ ဖြစ်တတ်သော သဘောအတိုင်း စီးပွားရေးပိတ်ဆို့ခြင်းမပြုလုပ်မီကပင် ကြိုတင်တွက်ဆနိုင်သည်။

စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ခံရသည့်နိုင်ငံက ပိတ်ဆို့သည့်နိုင်ငံနှင့် အဖွဲ့အစည်းများအပေါ် ဆန့်ကျင်လိုစိတ်များ တိုးပွားလာနိုင်သည်။ ကျယ်ကျယ်လောင်လောင် လူသိရှင်ကြား ထိပ်တိုက် ရင်ဆိုင်မှုများ၌ စီးပွားရေးနည်းဖြစ်စေ၊ စစ်ရေးနည်းဖြစ်စေ ဆန့်ကျင်မှုများ တိုးပွားစေနိုင်သည်။ သို့ဖြစ်၍ စည်းလုံးမှုပြိုကွဲအောင် ဆောင်ရွက်ရာမှ ပိုမိုစည်းလုံးသွားသည့် အဖြစ်မျိုးဖြစ်နိုင်သည်။ သို့သော် တိတ်တိတ်ဆိတ်ဆိတ် အကောင်အထည်ပေါ်သော စီးပွားရေးပိတ်ဆို့မှုများသည် ဆန့်ကျင်လိုမှုကို လျော့ပါးကာစည်းလုံးမှုပျက်ပြားအောင် ဆောင်ရွက်နိုင်သည်။

စီးပွားရေးပိတ်ဆို့မှုကြောင့် နိုင်ငံရေး အပြောင်းအလဲများ ရုတ်တရက် ဖြစ်ပေါ်မလာနိုင်ပေ။ စီးပွားရေး ပိတ်ဆို့မှု လုပ်ရပ်များကြောင့် ချက်ချင်းလက်ငင်း ဆိုသလို နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ထားလျှင် မှားယွင်းပေမည်။

စီးပွားရေးပိတ်ဆို့မှုသည် အောင်မြင်မှုရရှိမည်ဟု အများပြည်သူတို့က ထင်မြင်ယူဆ တတ်ကြသည်။ ဒီမိုကရေစီနိုင်ငံများ၌ အများပြည်သူတို့၏ ထောက်ခံအားပေးမှုရရန် ကြိုးစားရင်း ခြေလွန်လက်လွန် နှုတ်လွန်သွားသည်များ ဖြစ်တတ်သည်။ နိုင်ငံရေးသမားများ ကြုံတွေ့ရလေ့ ရှိသော ပြဿနာတစ်ခုသာဖြစ်သည်။

စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံတကာ ဆက်ဆံရေးတွင် တင်းမာမှုများ ဖြစ်ပေါ်လာ နိုင်ပြီး စစ်ဖြစ်ရန်အလားအလာပိုများလာသည်။ ဝါဒဖြန့်ချိမှုများ၊ သံခင်းတမန်ခင်းများနှင့် ယှဉ်လျှင် စီးပွားရေး ပိတ်ဆို့မှုကြောင့် စစ်ဖြစ်ရန် ပိုပြီးနီးစပ်သည်။ နိုင်ငံတကာ ဆက်ဆံရေး တင်းမာရန်အတွက် အကြောင်းတရားများစွာရှိသည်။

စီးပွားရေး ပိတ်ဆို့သည့်နည်းကို အခြားနည်းဖြင့် ပူးတွဲကျင့်သုံးလျှင် ပိုပြီးအောင်မြင် နိုင်သည်။ စီးပွားရေးပိတ်ဆို့သည့် နည်းများသည်လည်း အခြားနည်းများကဲ့သို့ပင် အားနည်းချက် များရှိသည်။ သံခင်းတမန်ခင်းမပါသောစစ်ရေး၊ ကျောထောက်နောက်ခံ ခိုင်ခိုင်မာမာမရှိသော သံခင်းတမန်ခင်းများသည်လည်း ထိရောက်မှုမရှိပေ။ တစ်နည်းကိုသုံး၍ အခြားနည်းများကို မသုံးရဟု မဆိုလိုပေ။ ဦးစားပေးမှုအနိမ့်အမြင့် ကျင့်သုံးပုံအနည်းအများသာ ကွာခြားနိုင်သည်။ မည်သည့်နည်းလမ်းမျှ တစ်ခုတည်းမရပ်တည်နိုင်၊ အောင်မြင်အောင် မဆောင်ရွက်နိုင်ပေ။

အထက်ဖော်ပြခဲ့သော စီးပွားရေးပိတ်ဆို့မှုနှင့် ပတ်သက်သည့် သဘောထားများသည် ယေဘုယျ အားဖြင့်မှန်သည်။ သို့သော် စီးပွားရေးပိတ်ဆို့မှုနှင့်သာ သက်ဆိုင်သော အယူအဆများ မဟုတ်ပေ။ ထိုအချက်များနှင့် သုံးသပ်ချက်များကိုကြည့်ပြီး စီးပွားရေး ပိတ်ဆို့မှုများ နောက်ခံ သဘောထားကို ခြေရာခံနိုင်ဖွယ်ရာရှိပါသည်။ စီးပွားရေးပိတ်ဆို့သည့် နည်းလမ်းကို အခြား နည်းလမ်းများအစား အသုံးပြုသော နည်းလမ်းတစ်ခုအဖြစ် ရှုမြင်နိုင်သည်။

■

mgyoe.com

mgyoe.com

# အလားအလာကောင်းတွေရှိနေတဲ့ မြန်မာနိုင်ငံ

၆

မြန်မာ့စီးပွားရေး အဝန်းအဝိုင်းမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ ပြဌာန်းချက် အမှတ် ၄ ကိုယ်စားလှယ်အဖွဲ့ လာရောက်တဲ့သတင်းဟာ လှုပ်လှုပ်ရှားရှား ရှိတဲ့သတင်းတစ်ခု ဖြစ်ပါတယ်။ ဒီအဖွဲ့ကို မီရိလ် ကာရာဆူလူ Meral Karasulu (Deputy Division Chief, Asia and Pacific Department, International Monetary Fund) ခေါင်းဆောင်ပြီး ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ၊ ၉ ရက်နေ့ကနေ ၂၅ ရက်နေ့အထိ လာရောက်ခဲ့မှာ ခရီးစဉ်အပြီး ဇန်နဝါရီလ ၂၅ ရက်နေ့ နေ့ခွဲနဲ့ ကျေညာချက် တစ်စောင် ထုတ်ခဲ့ပါတယ်။ ဇန်နဝါရီ ၂၅ရက်နေ့၊ နေ့လည် ၃နာရီအချိန်၊ ရန်ကင်း ဘဏ်သင်တန်းကျောင်းမှာ ဟောပြောပွဲတစ်ခု လုပ်ခဲ့ပါတယ်။

ဟောပြောပွဲမှာ နိုင်ငံတော်သမ္မတကြီးရဲ့ စီးပွားရေး အကြံပေး ဒေါက်တာဦးမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ပထမဆုံး သဘာပတိရဲ့ နိဂုံးချုပ် မိန့်ခွန်းကို ကောက်နုတ် ဖော်ပြချင်ပါတယ်။ ဦးမြင့်က အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့လို အဖွဲ့မျိုးက မြန်မာနိုင်ငံအပေါ် အခုလို အပြု သဘော ရှုမြင်တာ ကြားသိရတဲ့အတွက် ကျေနပ်စရာလို့ မြင်ပါတယ်။

အဖွဲ့ခေါင်းဆောင်ရဲ့ တင်ပြဆွေးနွေးချက်တွေထဲက ပထမဆုံး စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာကတော့ အလား

mgyoe.com

mgyoe.com
အလားကောင်းတွေ ရှိနေတဲ့ မြန်မာနိုင်ငံ စဉ်ဆက်မပြတ် စီးပွားရေး တိုးတက်မှု၊ အားလုံး သက်ဆိုင် အကျိုးဝင်တဲ့ စီးပွားရေး တိုးတက်မှု၊ ရရှိဖို့အတွက်၊ နိုင်ငံအဆင့် စီးပွားရေး တည်ငြိမ်မှု (Macroeconomic stability) နဲ့ စရပါမယ်။ အခုလည်း ဖလှယ်နှုန်း တစ်မျိုးတည်း ဖြစ်ဖို့၊ နိုင်ငံခြားနဲ့ ပတ်သက်တဲ့ အကန့်အသတ်တွေကို ပယ်ဖျက်ဖို့ စတင်လုပ်နေတာကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အသိအမှတ်ပြုပါတယ်။

၂၀၁၁–၁၂ ဘဏ္ဍာရေးနှစ်မှာ မြန်မာနိုင်ငံရဲ့ အမှန်တကယ် တိုင်းပြည်ဝင်ငွေ ၅.၅ရာခိုင်နှုန်း တက်ပြီး ၂၀၁၂–၁၃ မှာတော့ ၆ ရာခိုင်နှုန်းအထိ တက်မယ်။ ချေးငွေတွေ တိုးပွားတာရယ်၊ စီးပွားရေးလုပ်ငန်းတွေရဲ့ ယုံကြည်စိတ်ချမှုတွေ တိုးပွားလာတာရယ်ကြောင့် ပို့ကုန်နဲ့ ရင်းနှီး မြှုပ်နှံမှုတွေ မြင့်မားလာနိုင်တယ်လို့ တွက်ဆထားပါတယ်။

ငွေဖောင်းပွမှုနှုန်းက ၂၀၁၁–၁၂ မှ ၄.၂ ရာခိုင်နှုန်း ရှိရာက နောင်နှစ်မှာ ၅.၈ ရာခိုင်နှုန်းအထိ တက်မယ်လို့ မျှော်လင့်ပါတယ်။ စားနပ်ရိက္ခာ ဈေးနှုန်းတွေ ဈေးကျတာ ရပ်ပြီလို့ တွက်ပါတယ်။

၂၀၀၉–၁၀ ဘဏ္ဍာရေးနှစ် အဆုံးကတည်းက မြန်မာကျပ်ငွေဟာ ၃၂ ရာခိုင်နှုန်းအထိ တန်ဖိုး တိုးတက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံထဲကို နိုင်ငံခြားက ငွေကြေး အမြောက်အများ ဝင်လာပြီး ပြန်ထွက်ဖို့ကျတော့ အချုပ်အချယ်၊ အတားအဆီးတွေ ရှိနေလို့ ဖြစ်တယ်လို့ သုံးသပ်ထားပါတယ်။

တကယ်တော့ ၂၀၀၈ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်းဟာ မြန်မာနိုင်ငံကို အနည်းငယ်သာ ထိခိုက်မှု ရှိစေခဲ့သလို ဒေသတွင်းမှာ ဝယ်လိုအား ကျဆင်းတာဟာ မြန်မာနိုင်ငံကို အနည်းငယ်ပဲ ထိခိုက်နိုင်ပါတယ်။ ရှေ့တန်းရောက်နေတဲ့ နိုင်ငံတွေနဲ့ မြန်မာနိုင်ငံက အဆက် အသွယ် အနည်းငယ်ပဲ ရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ ငွေလဲလှယ်နှုန်း တန်ဖိုး ဆက်တက် နေရင် မြန်မာပို့ကုန်တွေရဲ့ ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်နိုင်ပါတယ်။

တစ်ဖက်မှာတော့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကို ဖြေလျှော့ပေးတာ ပုဂ္ဂလိက ကဏ္ဍ ချေးငွေတွေ တိုးလာတာ နိုင်ငံခြားငွေနဲ့ အချုပ်အချယ်တွေ ဖယ်ရှားပြီး ဖလှယ်နှုန်း တစ်ခု တည်း ဖြစ်အောင် လုပ်ပေးမယ် ဆိုရင်တော့ တိုးတက်မှု ရနိုင်ပါတယ်တဲ့။

အလွန်တရာ ရှုပ်ထွေးတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြုပြင်ဖို့ကို ဦးစားပေး ဆောင်ရွက် ရမှာပါ။ ပို့ကုန်ပထမ (Export first) မူဝါဒကိုလည်း ပယ်ဖျက်ရပါမယ်။

တချို့ကန့်သတ်ချက်တွေကို ချက်ချင်းဖယ်ရှားနိုင်ပါတယ်။ ဥပမာ ဘယ်စာရင်းနဲ့ပဲဖြစ်ဖြစ် သွင်းကုန်တင်သွင်းခွင့်ပြုတာ၊ သွင်းကုန်လိုင်စင် လွယ်အောင် လုပ်ပေးတာ၊ နိုင်ငံခြားငွေလဲ ကောင်တာတွေမှ လဲခွင့်ရအောင် လုပ်ပေးတာမျိုးတွေပါ။

တကယ်တော့ ငွေလဲလှယ်နှုန်း တစ်မျိုးတည်းဖြစ်အောင် လုပ်ဖို့ဆိုတာ နိုင်ငံအဆင့် စီးပွားရေး စီမံခန့်ခွဲမှုတွေ အားလုံး တိုးတက်မှုအပေါ်မှာ မူတည်နေပါတယ်။ ဈေးနှုန်းတည်ငြိမ်မှုကို အာရုံစိုက်တဲ့ ငွေကြေးမူဝါဒကို ချမှတ်ပေးရပါမယ်။

မကြာမီက ဘဏ်အတိုးနှုန်းတွေ ချပေးခဲ့တာကို ကြိုဆိုပေမယ့် ထပ်ချနိုင်မယ် မထင်ပါဘူး။ ထပ်ချရင် ဘဏ်မှာ မစုကြတော့ဘဲ အိမ်ယာမြေလို ဈေးကစားနိုင်တဲ့ နေရာတွေ ရောက်သွားမှာ
mgyoe.com

mgyoe.com
စိုးရိမ်ရပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးချင်ရင် အတိုးထပ်မချဘဲ ပုဂ္ဂလိက အတွက် အဟန့်အတား တွေဖယ်ပေးဖို့၊ ဘဏ်လုပ်ငန်းတွေ တိုးတက်အောင် လုပ်ပေးဖို့အတွက် အကြံပေးတာ တွေ့ရပါတယ်။

အတိုးနှုန်းကို ဈေးကွက်က သတ်မှတ်တဲ့နှုန်း ဖြစ်စေဖို့၊ ငွေတိုက်စာချုပ်တွေလို လက်လီ လက်ကား တွင်တွင်ကျယ်ကျယ် ရောင်းချဖို့ တိုက်တွန်းထားတာကိုလည်း တွေ့ရပါတယ်။ ပုဂ္ဂလိက ဘဏ်တွေက အစိုးရရဲ့ ငွေတိုက်စာချုပ်တွေ ရောင်းကြပေါ့။

၂၀၁၂–၁၃ ဘတ်ဂျက်ကို လွှတ်တော်မှာ ဆွေးနွေးကြမယ့် ကိစ္စဟာ အသုံးစရိတ် ဦးစား ပေးပုံ ပြန်လည် သတ်မှတ်ဖို့နဲ့ မြင်သာထင်သာဖို့ အတွက် သမိုင်းဝင် အခွင့် အလမ်းတစ်ရပ်ပါ။ အရင်နှစ်က လိုငွေထက် ၁ရာခိုင်နှုန်း လျော့လို့ လိုငွေ ၄.၆ရာခိုင်နှုန်း ရှိနိုင်တဲ့ကြားက ပညာရေးနဲ့ ကျန်းမာရေးအတွက် တိုးသုံးဖို့ အစိုးရရဲ့ အစီအစဉ်ကိုလည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့က ကြိုဆိုပါတယ်။ ငွေလဲလှယ်နှုန်းပြောင်းဖို့ ကြိုးစားနေတဲ့အချိန်မှ ဉာဏ်ပညာရှိတဲ့ ဘဏ္ဍာရေးမူဝါဒတွေနဲ့ နိုင်ငံအဆင့် စီးပွားရေး တည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဈေးကွက်က သတ်မှတ်တဲ့ ငွေလဲလှယ်နှုန်းဟာ သွင်းကုန်ကို အားကိုးနေရတဲ့ နိုင်ငံပိုင် လုပ်ငန်းတွေ ဘယ်လောက် အရှုံးပြနေသလဲဆိုတာကို ပေါ်လွင်သွားစေပါတယ်။ ဒါပေမဲ့ ရွှေနဲ့ ဇောတိက ရေနံစိမ်ကိန်းက ဓာတ်ငွေ့တွေ ထွက်လာရင် ဘဏ္ဍာရေးအခြေအနေ ကောင်းလာနိုင်ပါ တယ်။ ရလာတဲ့ဝင်ငွေတွေကို လူ့စွမ်းအား အရင်းအမြစ်တွေနဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ဖို့ သုံးနိုင်ပါတယ်။

မြန်မာနိုင်ငံ သိသိသာသာ တိုးတက်ဖို့ အတွက်က ဘဏ္ဍာတော် အရင်းအမြစ်တွေ ထပ်မံ ရရှိဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် သဘာဝ သယံဇာတတွေကရတာ မဟုတ်၊ တခြား အရင်း အမြစ်တွေက ရမှသာ ဈေးအတက်အကျ ကြောင့် တန်ဖိုးအတက်အကျတွေဖြစ်၊ ကုန်ခမ်းသွားတော့ အရင်းအမြစ် မရှိတာမျိုးတွေကို ရှောင်ရှားနိုင်ပါမယ်။

ဘဏ္ဍာငွေ တိုးပွားအောင် လုပ်ရာမှာ ဆင်းရဲသားတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် သွယ်ဝိုက်အခွန်ထက် တိုက်ရိုက်အခွန်ကို ဦးစားပေး ကောက်ရပါမယ်။ အခု မြန်မာအစိုးရက ဆောင်ရွက်နေတဲ့ အခွန်နဲ့ ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ကြိုဆိုထောက်ခံပြီး အခွန်အခြေခံ ကျယ်ပြန့်အောင် လုပ်ဖို့နဲ့ အခွန်ရှောင်တာ လျော့ဖို့လဲ တိုက်တွန်းထားပါတယ်။

နိုင်ငံပိုင်လုပ်ငန်းတွေကို ထောက်ပံ့တာ တဖြည်းဖြည်းချင်း လျော့ချဖို့၊ ဒီလိုနဲ့ ထိခိုက် အလွယ်ဆုံး ဆင်းရဲသားတွေကို ကာကွယ်စောင့်ရှောက်ဖို့ အကြံပြုထားပြီး ပုဂ္ဂလိကပိုင်အဖြစ် ထပ်မံအသွင်ပြောင်းဖို့ နိုင်ငံပိုင်လုပ်ငန်းတွေကို စီးပွားရေးဆန်ဆန် လည်ပတ်ရေးတို့ဟာ ပုဂ္ဂလိက က ဦးဆောင်တဲ့ တိုးတက်မှုကို ရရှိရေးအတွက် အခြေခံကျပါတယ်လို့ ဆိုပါတယ်။

ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ဖို့ဆိုရင် ဘဏ်စနစ်ကို ခေတ်မီတိုးတက်အောင် လုပ်ရမှာပါ။ အပ်ငွေနဲ့ အရင်းအချိုး သတ်မှတ်ထားတာ တဖြည်းဖြည်းချင်း လျော့ချပြီး အပေါင်ထားရမှာ သီးနှံအပါအဝင် အမျိုးအမည်တွေ တိုးချဲ့ဖို့လည်း အကြံပြုထားပါတယ်။ ကျေးလက်ဒေသတွေမှာ
mgyoe.com

mgyoe.com

ဘဏ်ကွန်ယက်တွေ၊ ဘဏ်ခွဲတွေ တိုးချဲ့ဖို့လည်း တိုက်တွန်းထားပါတယ်။ ဘဏ်အချင်းချင်း ဈေးနှုန်းပြိုင် (အတိုးနှုန်းပြိုင်)ပြီး ပြိုင်ဆိုင်မှုကို အားပေးစေချင်တယ်။ အပ်ငွေပေါ် အတိုးပေးတာကို လွတ်လွတ်လပ်လပ် သတ်မှတ်ခွင့်ပြုပြီးတဲ့နောက်မှာ ချေးငွေတွေ အပေါ် ကိုယ့်ဘဏ်နဲ့ ကိုယ် သတ်မှတ်စေချင်တယ်။ နိုင်ငံပိုင်ဘဏ်နဲ့ ပုဂ္ဂလိကဘဏ်လည်း တန်းတူ သဘောထားရမယ်။ စည်းကမ်းထိန်းချုပ်ရာ၊ ကြီးကြပ်ရာမှာ အတူတူပဲ ဆက်ဆံရမယ်။ ဒါမှ ပြိုင်ဆိုင်မှုတွေ မြင့်မား လာမယ်လို့ ဆိုပါတယ်။

ဈေးကွက်က သတ်မှတ်တဲ့ နိုင်ငံခြား ငွေဖလှယ်နှုန်းအဖြစ် ပြောင်းရာမှာ ဘဏ်တွေကို ထိန်းချုပ်မှုနဲ့ ကြီးကြပ်ကွပ်ကဲမှုဟာ အရေးကြီးပါတယ်။ နိုင်ငံခြားဘဏ်တွေနဲ့ ဖက်စပ်လုပ်ခွင့်ပြုရင် နည်းပညာ လွှဲပြောင်းရယူမှု မြန်ဆန်ပြီး ၂၀၁၅ မှာ အာဆီယံ ဘဏ်လုပ်ငန်းတွေ ပေါင်းစည်းဖို့ ကြိုတင်ပြင်ဆင်ရာ ရောက်မယ်။

စိုက်ပျိုးရေးကဏ္ဍမှာ ထုတ်လုပ်မှု စွမ်းအားမြင့်မားဖို့နဲ့ လူနေမှုဘဝ မြင့်မားဖို့ ချေးငွေတွေ ပိုပေးဖို့ လိုပါတယ်။ ပုဂ္ဂလိကဘဏ်တွေကလည်း ချေးစေချင်ပါတယ်။ လယ်မြေလို အပေါင်ထားပြီး ငွေချေးသင့်တယ်။ ဒါပေမဲ့ ချေးငွေတစ်ခုတည်းနဲ့ ကျေးလက်ဒေသ တိုးတက်ပြီး ဆင်းရဲ လျော့ကျ အောင် လုပ်နိုင်မှာ မဟုတ်ဘူး။ ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အပါအဝင် ကျေးလက်အခြေခံ အဆောက်အအုံတွေမှာ ရင်းနှီးမြှုပ်နှံဖို့၊ ပညာရေးနဲ့ ကျန်းမာရေးအတွက် ပိုသုံးဖို့ အကြံပြုထား ပါတယ်။

ပြင်ပအလွတ်ဈေးကွက်မှ လုပ်ဆောင်နေတာတွေ လျော့ချဖို့နဲ့ ဈေးနှုန်းကျဆင်းစေဖို့ ဓာတ်ဆီနဲ့ စားသုံးဆီဈေးကွက်မှာ လုပ်သလို ပြိုင်ဆိုင်မှု တိုးလာတာကို ထောက်ခံအားပေးထား ပါတယ်။ လိုင်စင်ထုတ်ပေးတာ မြင်သာထင်သာ ရှိစေချင်ပါတယ်။

စွမ်းအင်ကဏ္ဍမှာလိုပဲ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလို ကဏ္ဍတွေမှာလည်း ပုဂ္ဂလိက နိုင်ငံ ခြား ရင်းနှီးမြှုပ်နှံမှု သိသိသာသာ တိုးစေချင်တယ်။ ပစ္စည်းအမယ် တစ်ခု၊ နှစ်ခုကိုပဲ အားကိုးနေရတဲ့ ဘဝကနေ ပို့ကုန်အမယ်တွေ များလာစေချင်တယ်။

နိုင်ငံခြားငွေနဲ့ ပတ်သက်တဲ့ အဟန့်အတားတွေ ဖယ်ရှားပေးရင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွေ တိုးပွားလာနိုင်တယ်။ အထူးစီးပွားရေးဇုန်တွေ တိုးပွားလာနိုင်တယ်။ အထူး စီးပွားရေးဇုန်တွေဟာ လမ်းပန်းဆက်သွယ်ရေးတွေ ချို့တဲ့နေတာကို အဆင်ပြေပြီး နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုတွေကို တိုးပွားစေနိုင်တယ်။ ဒါပေမဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လုပ်သာ ကိုင်သာ ရှိတဲ့ စီးပွားရေးဝန်းကျင် ဖြစ်အောင် ကြိုးစားအားထုတ်ရမယ်။ စီးပွားရေးလုပ်ငန်းလုပ်ဖို့ ကုန်ကျတဲ့စရိတ်တွေ လျော့အောင် လုပ်နိုင်ရင် အငယ်စား၊ အလတ်စားလုပ်ငန်းလေးတွေ ပေါ်ပေါက်ရှင်သန်နိုင်မယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အကြံပြုခဲ့ပါတယ်။

■

mgyoe.com

mgyoe.com

# အစည်းအဝေးများ၊ လူများ၊ အချိန်နည်း

၇

ဆုချီးမြှင့်တဲ့ ကော်မတီတစ်ခုထဲ ကျွန်တော့်ကို ထည့်ထားတာ တော်တော်ကြာပြီ။ အဲဒီကော်မတီ အစည်းအဝေး စကတည်းက ခရီးလွန်နေတာနဲ့ မအားတာနဲ့ တစ်ခါမှ မတက်ဖြစ်ဘူး။ ဖြစ်ချင်တော့ မိတ်ဆွေတစ်ယောက်နဲ့ နံနက်ပိုင်းမှာ ဆုံကြရင်း နေ့ခင်းမှာ အစည်းအဝေးရှိတယ် ဆိုတာနဲ့ ရောက်သွားတယ်။ ကိုယ်နဲ့ အတူတူ ကော်မတီဝင်တွေကလည်း ကိုယ့်တွေ့လို့ ကြောင်အမ်းအမ်း၊ ကိုယ်ကလည်း ကိုယ့်ကို ဖိတ်တာမသေချာ၊ ကိုယ်တက်ရမယ့် အစည်းအဝေး ဟုတ်မဟုတ် မသေချာ။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ဒီလောကထဲက လူတွေချည်းပဲဆိုတော့ အဆင်ပြေသွားတာပါပဲ။ ကော်မတီ အစည်းအဝေးစခါစက အတော်များများ တက်ကြသတဲ့။ နောက်တဖြည်းဖြည်း တက်တဲ့လူ လျော့လာတယ်။ ဒါကြောင့် အကြောင်းအရာတစ်ခု တင်ပြရာမှာ လေ့လာပါရစေဦး၊ နောက်အစည်းအဝေးတစ်ခု ရောက်မှ ပြန်လည်တင်ပြပါရစေဆိုတော့ မလုပ်ပါနဲ့ဗျာ၊ နောက် အစည်းအဝေးဆို ဖိတ်လို့ရမှာ မဟုတ်ဘူး၊ တက်ကြတော့ လာကြတော့မှာမဟုတ်ဘူး။ ဒီအစည်းအဝေးမှာ ဆွေးနွေးနိုင်သမျှ ဆွေးနွေး၊ ကျန်တာ ဗဟိုအမှုဆောင်ကော်မတီကို လုပ်ပိုင်ခွင့် ပေးပေါ့ဆိုပြီး ဖြတ်ယူရတယ်။

mgyoe.com

mgyoe.com

ဒီတော့မှ ကျွန်တော်လည်း အစည်းအဝေးတွေ အကြောင်း စဉ်းစားစရာဖြစ်သွားတယ်။ ကျောင်းအစည်း အဝေး၊ ဌာနဆိုင်ရာအစည်းအဝေးတွေနဲ့ တွေ့လာခဲ့တဲ့ ကျွန်တော်ဟာ အငြိမ်းစား ယူလိုက်ချိန်မှာ အသင်းအဖွဲ့ အစည်းအဝေးတွေ များလာခဲ့တယ်။ အစည်းအဝေးတစ်ခုကို တက်ဖို့ဆိုတာက ကားခထောင်ချီကုန်တာဆိုတော့ တက်ရ မှာလည်း ခပ်ခက်ခက်၊ တစ်ခါတလေ ကျတော့လည်း ကုန်တဲ့စရိတ်နဲ့ မတန်လှ၊ အစည်းအဝေးပွဲက ဒိုင်ခံ ပြောတဲ့ သူတွေ ပါတယ်။ ပြောချင်တာပြောကြ၊ လုပ်ချင်တာ လုပ် ကြလို့ သဘောထားတဲ့ ကျွန်တော့်လိုလူတွေလည်း ပါ တယ်။ ကျွန်တော်ကတော့ အဖြူရောင် ရွေးမလား၊ အမည်း ရောင် ရွေးမလား စဉ်းစားတဲ့ အထဲမှာ ဘာအရောင်ရွေးရွေး၊ ဘာမှမဖြစ်နိုင်ဘူး။ ဘာမှ ရေးကြီးခွင်ကျယ်လုပ်နေစရာ၊ အချိန်ကုန်ခံနေစရာ မလိုဘူးလို့ မြင်တယ်လေ။ အံ့သြစရာ အကောင်းဆုံးက အများနားလည် ထားပြီးသား ကိစ္စ တစ်ခုကို ဘာမှ နားမလည်တဲ့သူက သူများနားလည်အောင် စေတနာရှေ့ထားပြီး ရှင်းနေတာ ရှုပ်အောင်လုပ်တာကို သည်းခံရတဲ့ ကိစ္စတွေ ရှိနေတာပါ။ တစ်ခါတလေမှာ ကျန်တဲ့သူတွေက သူ့ကို ပြောမနေချင်ကြ၊ ပြောရလောက်အောင် ဒုက္ခမခံချင်ကြတော့တာပါ။

ကျွန်တော်တို့တစ်တွေဟာ တွေ့ရကြုံရ ကိစ္စတွေကများ၊ သားရေးသမီးရေးတွေကလည်း ရှုပ်နေလေတော့ ကိစ္စ အတော်များများ အတွက် သိပ်အာရုံမစိုက်နိုင် ဖြစ်လာကြတယ်။ ကျွန်တော် ဆို မနက်စောစော ထလမ်းလျှောက်တယ်။ ပြန်လာတဲ့အခါ သမီးလုပ်သူက ကျောင်းသွားတော့ သူနဲ့ မတွေ့လိုက်ရဘူး။ ကျွန်တော် အိမ်ပြန်ရောက်ရင် ထမင်းစား၊ စာဖတ်၊ ရုပ်မြင်သံကြား ခဏကြည့်ပြီးရင် အိပ်ပျော်တတ်တာဆိုတော့ ညဘက်ရောက်တော့လည်း သမီးနဲ့ သိပ်စကား ပြောချိန်မရဘူး။

ဒီအခါ တိုတိုပြောဖို့၊ ထိထိမိမိပြောဖို့ လိပ်ပတ်လည်အောင် ပြောဖို့ ဆိုတာတွေ အရေး တကြီး ဖြစ်လာတယ်။ သာမန်အစည်းအဝေးတစ်ခုမှာ ဖွင့်လှစ်ကြောင်း ကြေညာရတယ်။ သဘာ ပတိမိန့်ခွန်းနဲ့ ကျေးဇူးတင်စကားနဲ့၊ နိဂုံးချုပ်ရတာနဲ့ ကြားထဲမှာ ဝင်လေရှည် နေကြတာတွေနဲ့ဆို တကယ်ထိထိမိမိ ပြောနိုင်တဲ့ အချိန်ကသိပ်ရှိတာမဟုတ်ဘူး။ ဒီ့အပြင် လူတွေရဲ့ အာရုံစိုက်နိုင်စွမ်း ကလည်း အချိန်သိပ်ကြာလှတာ မဟုတ်ဘူး။

ခက်တာက လူတွေ အထူးသဖြင့် မြို့ပြကလူတွေမှာ အချိန် သိပ်မရှိကြဘူး၊ အာရုံကြာကြာ မစိုက်နိုင်ဘူးဆိုတာ သဘောပေါက်တဲ့သူကလည်း ခပ်ရှားရှား။ တွေ့တာနဲ့မိန့်ခွန်းခြွေချင်တဲ့သူ၊ သြဝါဒပေးချင်တဲ့သူ၊ ခေတ်နဲ့ စနစ်ကို သဘောမပေါက်သူတွေကလည်း အများကြီး။

mgyoe.com

ပြိုင်ဆိုင်မှုတွေ အကြောင်း ပြောကြရာမှာ အပြောအများဆုံးက အချိန်ပဲ။ အချိန်တိုတိုနဲ့ အလုပ်များများ လုပ်နိုင်တာ၊ အလုပ်တွင်အောင်လုပ်နိုင်တာတွေ၊ မလိုအပ်ဘဲ အရစ်ရှည်မနေတာတွေက ပြိုင်ဆိုင်နိုင်စွမ်းကို ပြန့်နှည်းလာပါတယ်။ အထူးသဖြင့် တစ်ပတ် တစ်ပတ်အလျဉ်မီအောင် သတင်းတွေ ရေးကြ၊ ဝေဖန်ကြ၊ သုံးသပ်ကြ လုပ်ကြရာမှာ အချိန်က သိပ်စကားပြောတာ တွေ့ရတယ်။

ဒါကြောင့် ဒီခေတ်ကြီးထဲမှာ လုပ်ငန်းတစ်ခု အောင်မြင်ဖို့ဆိုရင် အချိန်ကို ရွှေလို့ သဘောထားပြီး အချိန်မဖြုန်းဖို့၊ ထည့်သွင်းကြံဆကြရမှာပါ။ မလိုအပ်တဲ့ အဆင့်တွေ၊ လက်ပြောင်းလက်လွှဲတွေ၊ မလုပ်တတ်၊ မကိုင်တတ်၊ ဟိုလူ့လွှဲ၊ ဒီလူ့လွှဲနဲ့ ကြန့်ကြာနေတာတွေ၊ အဖုအထစ်တွေကို ဖြေလျှော့ပေးနိုင်မှ လုပ်ငန်းအဆင့် စီးပွားရေး၊ နိုင်ငံအဆင့် စီးပွားရေးတွေ မြန်ဆန်တိုးတက်အောင်မြင်နိုင်မှာ ဖြစ်ကြောင်းပါ။

■

mgyoe.com

mgyoe.com

# ဒီမိုကရေစီ လမ်းလျှောက်သူများ

၀

ကျွန်တော်တို့ လမ်းလျှောက်ပြီး လေ့ကျင့်ခန်းလုပ်တဲ့နေရာမှာ ကျွန်တော်သဘောကျတာ တစ်ခုရှိတယ်။ လေ့ကျင့်ခန်းလုပ်နေတဲ့ အဖွဲ့လေးဖွဲ့လောက်ရှိတယ်။ ကွင်းထဲပတ်လျှောက်ကြ၊ ကိုယ့်အစီအစဉ်နဲ့ လေ့ကျင့်နေကြတဲ့သူတွေ ရှိတယ်။ လေ့ကျင့်ခန်းလုပ်တာက တရုတ်သီချင်းနဲ့တူပါရဲ့။ စစချင်းတုန်းက တစ်ဖွဲ့လောက်ရှိရာကနေအခုအဖွဲ့ သုံးဖွဲ့လောက်ဖြစ်လာတယ်။ Cha Cha ကနေတဲ့ အဖွဲ့လည်းရှိတယ်။ အဲဒီအဖွဲ့က တစ်လ တစ်ခါလောက် လူသစ်တွေကို အခမဲ့သင်ပေးတယ်။ လေ့ကျင့်ခန်းလုပ်တဲ့ အဖွဲ့တွေထဲမှာ ကိုယ်မိတဲ့အဖွဲ့ထဲ ၀င်လုပ်နိုင်တယ်။ ကျွန်တော်ကရောက်တဲ့ နောက်ကျတတ်တော့ အဲဒီအဖွဲ့ လေ့ကျင့်ခန်းလုပ်လို့ပြီးသွားတာနဲ့ တိုးတတ်တယ်။ နောက် နှစ်ဖွဲ့ သုံးဖွဲ့လောက် ကျန်တယ်။ ကြိုက်တဲ့ အဖွဲ့ထဲသွား၊ မိတဲ့နေရာက ၀င်လုပ်၊ မောင်ရင်ကြိုက်တဲ့နေရာကနေထွက်၊ ဘယ်သူမှ ဘာမှ မပြောကြပါဘူး။

လမ်းလျှောက်လေ့ကျင့်ခန်း လုပ်တဲ့သူတွေက စုပေါင်းပြီး ၀ါဆိုသင်္ကန်းကပ်တာ၊ ကထိန်သင်္ကန်း ကပ်တာတွေလည်း လုပ်ကြတယ်။ တစ်ခါတလေလည်း စုပေါင်းပြီး ခရီးထွက်တာတို့၊ ညစာစားတာတို့၊ အလှူအတန်းလုပ်တာတို့လည်း ရှိကြတယ်။

mgyoe.com

mgyoe.com

ကိုယ့်ဘာသာကိုယ် မအားလပ်တော့၊ အဲဒီ အစီအစဉ်တွေမှာ ဝင်မပါနိုင်ပါဘူး။

လေ့ကျင့်ခန်းလုပ်တာက အသက်အရွယ်မျိုးစုံ။ အများအားဖြင့်တော့ တရုတ်အနွယ် ဝင်တွေ၊ လူလတ်ပိုင်းနဲ့ အထက်ပေါ့။ လူငယ်တော့နည်းပါတယ်။ တချို့လူလတ်ပိုင်းတွေက ခပ်သွက်သွက် ကတယ်။ လူကြီးပိုင်းက နှေးတယ်။ မှောရင် ရပ်တယ်။ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်ပေါ့။

အခုလို ကိုယ့်အတိုင်းအတာနဲ့ ကိုယ်၊ ကိုယ်လုပ်နိုင် သလောက်လုပ်၊ ကိုယ့်အရှိန်နဲ့ ကိုယ်လုပ်၊ အရေးကြီးတာက လှုပ်လှုပ်ရှားရှားရှိနေဖို့၊ ကျန်းမာဖို့ မဟုတ်လား။ ဘယ်သူ့ နည်းနဲ့ လုပ်ရမယ်။ ဘယ်နည်းကမှန်တယ်။ ဘယ်နည်းက မှားတယ် လို့မရှိ။ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတယ်။ ကြီးသူ ငယ်သူ၊ ပိန်သူ ဝသူ၊ ဖြူသူ မည်းသူမရှိဘူး။ တစ်ခုပဲ လေ့ကျင့်ခန်း အတွက် သီချင်တာတွေက တရုတ်လေ့ကျင့် ခန်း (ထိုက်ချီထင်ပါရဲ့) သီချင်းပဲရှိတယ်။ အင်္ဂလိပ် သီချင်းနဲ့ Cha Cha ကတယ်။ ကျန်တာ မကြားမိ၊ ဒါလည်း ပြဿနာ မရှိ။

လမ်းလျှောက်ပြီးရင် အနားမှာ ဈေးပေါက်စနလေး ရှိတယ်။ အများအားဖြင့် လမ်း လျှောက်တဲ့ ဘောင်းဘီတို့ အင်္ကျီ တို့ရောင်းတယ်။ ဈေးသက်သာတယ်ထင်တာနဲ့ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ မိတ်ဆွေတွေအတွက် ဝယ်ပေးဖြစ်တယ်။ ဈေးမဝယ်တတ်တဲ့ ကျွန်တော်ဆို နှစ် နေရာပဲဈေးဝယ်တတ်တာ။ တစ်နေရာက ကျွန်တော့်တပည့် တစ်ဦး ရောင်းတဲ့ဆိုင်၊ ဈေးမကြီး တာရယ်၊ ကျွန်တော်နဲ့ လိုက်ဖက်တဲ့ အဝတ်အထည်တွေ ရွေးပေးတတ်တာရယ်၊ ပြီးတော့ ပိုက်ဆံ မပါလည်း ဖြစ်တာရယ်ကြောင့် ကျွန်တော် သူ့ဆိုင်မှာ အမြဲဝယ်ဖြစ်တယ်။ နောက်တစ်နေရာ ကတော့ အခုလမ်းလျှောက်တဲ့နေရာပါ။ ဒါတောင် တပည့်တချို့က ဟိုဟာမဝယ်နဲ့ ဒီဟာမဝယ်နဲ့ ဆိုပြီး ပိတ်ပင်တဲ့အခါလည်း ရှိတယ်။

ပြီးရင် နီးစပ်ရာနီးစပ်ရာကားနဲ့ ဖြစ်ဖြစ်၊ ခြေကျင် ဖြစ်ဖြစ်သွားလို့၊ ဆိုင်တွေပြောင်းပြောင်းပြီး နံနက်စာ စားကြတယ်။ ကျွန်တော်နဲ့ မိတ်ဆွေတစ်ယောက်နှစ်ယောက်ကတော့ မန္တလေး မုန့်တီစား တယ်၊ အာလူးပူတီ စားတယ်။ ရွှေတောင်ခေါက်ဆွဲ စားတယ်။ ကိုငွေရဲ့ ရွှေဥမုန့်ဟင်းခါး စားတယ်။ ပြီးရင် ဂျာနယ်စုံဝယ်လာတဲ့ ဆရာကြီး တစ်ယောက်နဲ့ မြစပယ်ထမင်းကြော်စားချင်စား၊ နို့စိမ်း လက်ဖက်ရည်သောက်ကြတယ်။

mgyoe.com

mgyoe.com

ပြဿနာက ကျွန်တော်တို့ တစ်ယောက်တည်း နှစ်ယောက်တည်းဆို သူကရှင်းလိုက်၊ ကိုယ်ကရှင်းလိုက်နဲ့ ပြဿနာ မရှိဘူး၊ ဒါပေမဲ့ ကျွန်တော့်မိတ်ဆွေရဲ့ မိတ်ဆွေတွေ ပါလာတဲ့အခါကျ ခက်ရော။ သူတို့ကပြောလိုက်ရင် အမြင့်ကြီးတွေချည်းပဲ။ ကိုယ်လက်လှမ်းမမီတဲ့ ပြည်ပခရီးတွေ၊ အသုံးအဆောင်တွေအကြောင်း ပြောတတ်ကြတယ်။ ဆိုင်တွေကို Complaint အများဆုံး လုပ်တတ်ကြတာလည်း သူတို့ပဲ၊ ဟိုဟာလေးလုပ်ပေးဦး၊ ဒီဟာလေးလုပ်ပေးဦး၊ ဟိုဟာလိုသေးတယ် ဒီဟာလိုသေးတယ်နဲ့ လုပ်ကြတယ်။ တောင်းဆိုစရာရှိတာကို အားမနာဘဲ တောင်းဆိုတတ်ကြတယ်။ ဒါပေမဲ့ ပိုက်ဆံချေတဲ့ အလှည့်ရောက်တော့ ကိုယ်စားတာသောက်တာပဲ မဟုတ်သလို ငုတ်တုတ်ထိုင်နေတတ်တာက တစ်ခါမဟုတ် နှစ်ခါမဟုတ်။ ကျွန်တော့်မိတ်ဆွေ ကိုငွေကတော့ ဒီအရပ်ကလူတွေက ဒီလိုပဲတဲ့။

ကဲဗျာ စကားလုံးအကြီးကြီးတွေပြော၊ တောင်းဆိုစရာရှိရင် အားမနာတမ်းတောင်းဆို၊ ကိုယ့်အလှည့်ကျ ကိုယ်စားတာသောက်တာအတွက်တောင် တာဝန်မယူတဲ့သူတွေနဲ့ ဒီမိုကရေစီခရီးကို လျှောက်လှမ်းရမှာလားဗျာ။

■

mgyoe.com

mgyoe.com

# ထုတ်လုပ်ကုန်သွယ် မြှင့်ကြမယ်

၉

ကျွန်တော်တို့တစ်တွေက "မှောင်ခိုဈေးကွက်"အပေါ်မှာ အခုအတော်လေး အဆိုးမြင်နေကြပေမယ့် တစ်ခါကတော့ ကျွန်တော်တို့ဟာ အခြေခံလိုအပ်ချက်တွေ အားလုံးလိုလို မှောင်ခိုဈေးကွက်ကို အားကိုးအားထား လုပ်ခဲ့ရတာပါ။ သုတေသနစာတမ်း တစ်ခုမှာဆိုရင် ဆိုရှယ်လစ်စနစ် ရှင်သန်ခဲ့ရတာဟာ မှောင်ခိုဈေးကွက်ရဲ့ ကျေးဇူးကြောင့်ဖြစ်ပြီး မှောင်ခိုကို တိုက်ဖျက်ဖို့ တရားမဝင် ငွေစက္ကူ ကြေညာတဲ့နည်းကို သုံးရာမှာ မှောင်ခိုဈေးကွက် မပျက်ဘဲ အစိုးရ ပြုတ်ကျသွားရတယ် လို့တောင် သုံးသပ်ခဲ့ပါတယ်။

အခုလည်း တရားဝင် ခွင့်ပြုထားပါလျက်နဲ့ ဘာလို့ မှောင်ခိုဈေးကွက် ပေါ်ပေါက်ရသလဲလို့ အမေးများပါတယ်။ အဖြေတွေကတော့ အများကြီးပါ။ သွားရလာရ လုပ်ရကိုင်ရတာ ခက်လို့၊ စရိတ်စက ကြီးမားလို့၊ လုပ်ထုံးလုပ်နည်းတွေ ရှုပ်ထွေးလို့၊ အခွန်ရှောင်ချင်လို့၊ လောဘကြီးလို့၊ ထိရောက်တဲ့ပြစ်ဒဏ် ချမှတ်အရေးမယူနိုင်လို့၊ ဝန်ထမ်းတွေဘက်က အားနည်းလို့ စတဲ့ အကြောင်းတရားတွေ အများကြီးရှိနေပြီး သူ့အကြောင်းနဲ့သူ မှန်နေတာ တွေ့ရပါတယ်။ အဲဒီအကြောင်းတွေ ရှိနေသမျှ မှောင်ခို ပပျောက်မှာ မဟုတ်သေးပါဘူး။

ပြီးတော့ အထက်ပိုင်း တာဝန်ရှိတဲ့သူတွေက ဘယ်

mgyoe.com

လောက်ပဲ ရဲရင့်တဲ့ခြေလှမ်းတွေ လှမ်းနေပါစေ၊ အောက်ခြေရောက်ရင် အဖျားရှူးသွားတတ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍက ပြည်သူပိုင်ကဏ္ဍကို အလိုဆန္ဒ မပြည့်ဝမှုတွေကြောင့် မကျေမနပ် ဖြစ်ရတာကိုကြည့်ရင် အောက်ခြေဝန်ထမ်းတွေ အရေအတွက်အားဖြင့် မပြည့်စုံတာ၊ အရည်အချင်း မပြည့်ဝတာ၊ လုပ်ရတဲ့တာဝန်နဲ့ ခံစားခွင့် မမျှမတ ဖြစ်နေတာတွေဟာ အကြောင်းတရားတွေပါ။ ပြီးတော့ ထိန်းချုပ်တဲ့ အခန်းကဏ္ဍ၊ အပေါ်စီးက နေလာခဲ့ရာကနေ ဝန်ဆောင်မှုပေးရတဲ့ အခန်းကဏ္ဍကို ပြောင်းလဲရာမှာ အလွယ်တကူ ပြောင်းလဲဖို့ခက်ပါတယ်။

လုပ်ရည်ကိုင်ရည်ရှိ၊ အတန်အသင့် ကျွမ်းကျင်မှုရှိတဲ့ အရာထမ်းဝန်ထမ်းတွေကို လစာ ထိုက်ထိုက်တန်တန်ပေးပြီး ဆွဲခေါ်သွားကြ၊ ဆွဲစားသွားကြတာတွေ အများကြီးပါ။ ဒီအခါ ပြည်သူပိုင်ကဏ္ဍက အများပြည်သူကို ဝန်ဆောင်မှုပေးကြရာမှာ မနိုင်မနင်း ဖြစ်လာတာ တွေ့ရပါတယ်။ ပြီးတော့ လေ့ဟောင်း၊ အကျင့်ဟောင်းတွေကလည်း ဖျောက်ဖို့ခက်တာလည်း အမှန်ပဲ။ အထင်ရှားဆုံးကတော့ အစည်းအဝေးတွေမှာ ဌာနဆိုင်ရာတွေက တင်ပြကြတဲ့အခါ လိုရင်း မရောက်နိုင် နိဒါန်းရှည်နေပြီး ခပ်သုတ်သုတ် နိဂုံးချုပ်တတ်တာပါပဲ။

ခေတ်အဆက်ဆက်ကို ပြန်ကြည့်လိုက်တဲ့အခါကျတော့လည်း ဌာနဆိုင်ရာတွေမှာလည်း ထိရောက်မှု၊ စွမ်းရည်မြင့်မားမှုတွေထက် လုံခြုံစိတ်ချရမှုကို ဦးစားပေးခဲ့လေတော့ တိုးတက်မှုတွေ၊ ဖွံ့ဖြိုးမှုတွေကို ရသင့်သလောက် မရခဲ့တာ မဆန်းပါဘူး။ ပြောမယ့်သာ ပြောရတာပါ။ စွမ်းရည်ကိုစွပြောရရင် ပုဂ္ဂလိကကဏ္ဍကိုလည်း ချန်ထားလို့ မဖြစ်ပါဘူး။ ပုဂ္ဂလိကကဏ္ဍရဲ့ အားသာချက်က အဆက်အသွယ် ကောင်းမွန်မှု၊ ဈေးကွက်ကို လက်ဝါးကြီး အုပ်ထားနိုင်မှုတွေ အပေါ်မှာ မူတည်ခဲ့တယ်။ ဒါကြောင့် ပြည်တွင်းပြည်ပ လုပ်ငန်းတွေနဲ့ တန်းတူရည်တူ ကစားကြရင် တစ်ပန်း သာနိုင်ပါတော့မလားဆိုတာ စိုးရိမ်စရာရှိပါတယ်။

ဌာနဆိုင်ရာများရော၊ ပုဂ္ဂလိကလုပ်ငန်းများမှာပါ နောက်ထပ်တွေ့ရတဲ့ အားနည်းချက် တစ်ခုက ကိုယ့်နေရာ၊ ကိုယ့်ဌာန ကွက်ကွက်ကလေးရဲ့ အကျိုးစီးပွားကို အဓိကထားစဉ်းစားပြီး လုပ်ငန်းတစ်ခု၊ ဌာနတစ်ခုလုံးရဲ့ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်တာပါ။ ဒီစားပွဲက လုပ်နေတာ၊ ဘေးစားပွဲကမသိ၊ သူ့ဘက်က အခြေအနေကို ကိုယ်ကမစဉ်းစား၊ ကိုယ့်ဘက်က အခြေအနေကို သူက နားမလည်တဲ့အဖြစ်တွေ မကြာခဏ တွေ့ရပါတယ်။ ဒါကြောင့် ဝန်ထမ်း အချင်းချင်း၊ ဌာနအချင်းချင်း၊ အစိုးရနဲ့ ပုဂ္ဂလိက၊ ပုဂ္ဂလိကအချင်းချင်း၊ ပူးပေါင်းညှိနှိုင်းဖို့လည်း လိုအပ်ပါတယ်။ ဒီနေရာမှာ ပုဂ္ဂလိကလုပ်ငန်းတွေ လုပ်သာကိုင်သာရှိဖို့ ဂရုစိုက်ရသလို ပြည်သူ့ ဝန်ထမ်းဌာနတွေ၊ ဝန်ထမ်းတွေ လုပ်သာကိုင်သာရှိအောင် ပုဂ္ဂလိကလုပ်ငန်းတွေက လုပ်ပေးကြပါဦးလို့ တာဝန်ရှိသူတစ်ယောက် ပြောသွားတာကိုလည်း သတိပြုမိဖို့လိုပါတယ်။

ဌာနဆိုင်ရာတွေ၊ တာဝန်ရှိသူတွေနဲ့ တွေ့ကြတဲ့အခါ လက်တွေ့ တွေ့ကြုံခံစားနေရတဲ့ သူတွေက အခြေအနေမှန် တင်ပြမှုတွေကို ဂရုတစိုက်နားထောင်ဖို့ လိုအပ်ပါတယ်။ အကြိမ်ကြိမ် ပြောလို့ အပြောင်းအလဲ တစ်စုံတစ်ရာ မတွေ့ရတဲ့အခါ ပြောနေလို့ မထူးပါဘူးဆိုတဲ့စိတ် ဝင်လာ တတ်ပါတယ်။ တကယ်တော့ ပြောရင်ထူးတဲ့ခေတ်၊ ပြောလဲပြောရမယ်၊ မြန်မြန်လည်းပြော၊

mgyoe.com

mgyoe.com

များများလည်းပြော၊ ထိထိရောက်ရောက်လည်း ပြောဖို့လိုတဲ့ခေတ်ကို ရောက်နေပါပြီ။

တစ်ဖက်မှာ ပြည်သူပြောတာကို နားထောင်ဖို့လိုသလို ပြည်သူသိချင်တာ၊ သိသင့်သိထိုက်တာတွေကို ပြန်ပြီးပြောပြဖို့လည်း လိုပါတယ်။ ပြည်သူတွေကို အခွင့်အရေး မပေးနိုင်သေးရင် ဘာကြောင့် မပေးနိုင်သေးတာ၊ ဘယ်တော့ ပေးနိုင်မယ် ဆိုတာတွေပဲ၊ ပြောပြအသိပေးဖို့ လိုအပ်ပါတယ်။

ပြောတာတွေနဲ့ပဲ ရပ်လို့မရ၊ လက်တွေ့ လုပ်ငန်းအစီအစဉ်တွေ ရေးဆွဲကြတာကို၊ အစိုးရသစ် လက်ထက်မှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲများမှာ သတိထားမိပါတယ်။ စီးပွားကူးသန်း ဝန်ကြီးဌာနမှာတော့ တာဝန်ရှိသူ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က ချက်ချင်းပြောကြားပေးတာ တွေ့ခဲ့ရပါတယ်။

သဘောတရားအရပြောရရင် တန်ဖိုးမြှင့်ထုတ်ကုန် (Value added) တွေက ဈေးကောင်းရနိုင်တယ်၊ ပိုပြီး အကျိုးရှိမယ်လို့ ဆိုကြပေမယ့်။ လုပ်ငန်းရှင်တစ်ယောက် အပြောအရ သဘာဝသယံဇာတတွေ ထုတ်လုပ်ရောင်းချတာက အကျိုးအမြတ်ရှိသလောက် ကိုယ်တိုင်ထုတ်လုပ်မွေးမြူဖို့ အတွက်ကျ လုပ်ငန်းရပ်တည်ဖို့ ခက်လှပါတယ်ဆိုတဲ့ အပြောက ကျွန်တော်တို့ရဲ့ စီးပွားရေး အဆောက်အအုံ၊ ကမောက်ကမ နိုင်လှတာကို ပြသနေပါတယ်။

ပြည်တွင်းက ရေလုပ်ငန်းတွေ ရပ်တည်ဖို့ ခက်ခဲနေတဲ့အချိန်မှာ ဘယ်အချိန်၊ ဘယ်အပေါက်ကနေ ဝင်လာမှန်းမသိ၊ ရေခဲရိုက် ထိုင်းပုစွန်ဖြူဘော့ချိတ် တတိယတန်းစားတွေ ရန်ကုန်စံပြ ငါးဈေးထဲအထိ ဝင်ရောက်လာတာကြောင့် ဘူးလေးရာ ဖရုံဆင့်ရပြန်ပါတယ်။ မြဝတီနယ်စပ်ပြန်ဖွင့်ခါစကနေ တစ်နေ့ကို ကားနှစ်စီး၊ သုံးစီး ဝင်ရောက်ရာမှာ ဒိုင်(၂)ခု (၃)ခုကနေ ဖြန့်ချိနေတယ်လို့ သိရပါတယ်။

ကုန်သွယ်မှုတော့ တိုးလာပါရဲ့။ ပို့ကုန်တိုးတာမဟုတ် သွင်းကုန်တွေချည်း တိုးနေတာဆိုရင်တော့ သိပ်အဆင်မပြေလှသေးပါဘူး။ မိတ်ဆွေတစ်ယောက်ကတော့ နယ်စပ်ကလာတဲ့ အစားအစာဆိုရင် လုံးဝမစားနဲ့လို့ အကြံပေးတာနဲ့ ပြည်တွင်းက ကုန်တိုက်တွေကို လိုက်ကြည့်တော့ ပြည်တွင်းထွက် စားစရာက သိပ်မရှိလှတာကြောင့် နှစ်ပေါင်းများစွာ ပိတ်ပင်ခဲ့ရတဲ့ ကုန်စည် (၅) မျိုးကိုတောင် ပြန်လည် ခွင့်ပြုခဲ့ရပါတယ်။ ပိတ်ပင်တားဆီး ကာကွယ်စောင့်ရှောက်မှု ပေးထားတာတောင် မရပ်တည်နိုင်၊ ပြည်တွင်း ဈေးကွက်ကိုတောင်မှ နေရာမယူနိုင်တဲ့လုပ်ငန်းတွေ အနေနဲ့ တရားဝင် ဝင်ရောက်တဲ့ကုန်တွေ၊ တရားမဝင် ဝင်ရောက်တဲ့ကုန်တွေ အလဲထိုးတာ ခံရနိုင်ပါတယ်။

ပြည်ပက ဝင်လာတဲ့ထဲ စိတ်မချရတာ၊ အန္တရာယ်ကြီးတာတွေထဲမှာ အစားအစာသာမက ဆေးဝါး၊ မြေသြဇာနဲ့ ကုန်ကြမ်းတွေပါ ပါဝင်နေပါတယ်။ ဆိုရှယ်လစ် စီးပွားရေး အရှိန်အဟုန်အောက်က ရုန်းထွက်လာတဲ့ ကျွန်တော်တို့တစ်တွေဟာ စီးပွားရေးလုပ်ငန်းရှင်တွေအပေါ် အမြင်မကြည်လင်တဲ့ အစွဲအလမ်းက ရှိနေပါသေးတယ်။ ဒီအချိန်မှာ တချို့စီးပွားရေး လုပ်ငန်းရှင်တွေထဲက အတ္တဆန်တဲ့အပြုအမူ အပြောအဆိုတွေ ရှိနေပါသေးတယ်။ တစ်ဖက်မှာတော့ မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွားထက် အများအကျိုးစီးပွားကို ဦးတည်လုပ်ဆောင်လာကြတာတွေ ရှိနေပါပြီ။

mgyoe.com

ဒါပေမဲ့ မိမိတို့ရဲ့ အမြင်မကြည်လင်မှုကြောင့် ကောင်းရာကောင်းကြောင်း လုပ်နေတာတွေ အတားဆီးခံရ၊ အကန့်သတ်ခံရတဲ့ သာဓကတွေ၊ အရပ်ဘက် အဖွဲ့အစည်းတွေ ရှိနေတယ်ဆိုတဲ့သတင်းကြားရတာကတော့ စိတ်မကောင်းစရာပါ။

ပဒေသရာဇ်ခေတ်ဆိုရင် တစ်ခုခုကို ဖြေရှင်းတဲ့အခါ ကျူပြင်ခုတ် ကျူငုတ်မကျန် ဖြေရှင်းတတ်ကြပြီး ဒီမိုကရေစီစနစ်အောက်မှာ ဆိုရင်တော့ ခြေမမကောင်း ခြေမ၊ လက်မ မကောင်း လက်မ အရေးယူခံရတာပါ။ ဒါကြောင့် အကျင့်ပျက်လုပ်ငန်းတွေ လုပ်ငန်းရှင်တွေနဲ့ တွေ့တဲ့အခါ အားလုံးကို သိမ်းကျုံးအရေးမယူသင့်ပါဘူး။

အပြောင်းအလဲတွေ လုပ်တဲ့အခါ အားလုံးအကျိုးရှိဖို့ဆိုတာတော့ လက်တွေ့မှာ မဖြစ်နိုင်ပါဘူး။ ထိခိုက်နစ်နာတဲ့သူရှိမယ်။ အကျိုးရှိတဲ့သူလည်းရှိမယ်။ ထိခိုက်တဲ့သူက ကြိုက်မှာမဟုတ်ဘူး။ အကျိုးရှိတဲ့သူက သဘောကျမယ်။ ဖြစ်နိုင်ရင်တော့ ထိခိုက်မှုနည်းတာ အကောင်းဆုံးပါ။

ပြီးတော့ ကိုယ်ကချည်း ရစရာတွေ၊ လိုချင်တာတွေကို တောင်းဆိုမနေဘဲ ကိုယ့်ဘက်ကပေးစရာတွေ၊ လုပ်နိုင်တာတွေကိုလည်း မေ့မထားဖို့လိုပါတယ်။ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံကြရာမှာ ပြည်ပက လုပ်ငန်းရှင်တွေကို အဆင့်အတန်းရှိရှိ သတင်းအချက်အလက်တွေပေးပြီး အရောင်းမြှင့်တင်လို့ ရသလို အခြားနိုင်ငံရောက် အောင်မြင်နေတဲ့ လုပ်ငန်းရှင်တွေကို ဂုဏ်ထူးဆောင်သံမှူးတွေအဖြစ် ခန့်အပ်တာဝန်ပေးပြီး သတင်းရယူတာ၊ မြန်မာသံရုံးတွေမှာ စီးပွားရေး သံမှူးတွေခန့်တာ၊ ပြည်ပကို ဈေးကွက်ရှာဖွေ ချဲ့ထွင်ရေး ခရီးထွက်တာတွေ လုပ်ဆောင်ကြဖို့လည်း ဝိုင်းဝန်းဆန္ဒပြု ကြပါတယ်။

လောလောဆယ်တော့ ပြည်တွင်းကုန်တိုက် မန်နေဂျာတစ်ဦးရဲ့ "ကျွန်တော်တို့က အရည်အသွေးကောင်းကောင်း၊ ထုပ်ပိုးမှုကောင်းကောင်း၊ ပြည်တွင်းထွက်ကုန်တွေကို ဈေးသက်သက်သာသာနဲ့ ရောင်းချင်ပါတယ်" ဆိုတဲ့စကားကို နားထဲမှာ ကြားယောင်နေမိပါတယ်။ ဘယ်သူထုတ်လုပ်ကြမလဲ။

■

mgyoe.com

mgyoe.com

# မြန်မာနိုင်ငံ ပြည်သူပိုင်ကဏ္ဍာနှင့်ပုဂ္ဂလိကပိုင်ကဏ္ဍာ ပူးပေါင်းလက်တွဲမည့်အခြေအနေ

၁၀

ပြည်သူပိုင်ကဏ္ဍာနဲ့ ပုဂ္ဂလိကကဏ္ဍာ ပူးပေါင်းလက်တွဲပြီး၊ လုပ်ငန်းတွေကို အကောင်အထည် ဖော်တဲ့ကိစ္စ (Public Private Partnership – PPP) ကို ဆွေးနွေးကြရင်းနဲ့ PPP uae PPC (Public Private coordination) ခေါ်တဲ့၊ ညှိနှိုင်းဆွေးနွေးမှု၊ PPD (Public Private Dialogue) တွေအထိ ရောက်သွားကြပါတယ်။ တကယ်တော့ နှစ်ဦးနှစ်ဖက် အကျေအလည် အပြန်အလှန် ညှိနှိုင်းဆွေးနွေးမှုဆိုတာ၊ နိုင်ငံရေးနယ်ပယ်မှာသာ အရေးကြီးတာမဟုတ်၊ စီးပွားရေးနယ်ပယ်မှာလည်း အလွန်တရာ အရေးကြီးလှပါတယ်။

အခုအချိန်မှာ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေကြတဲ့၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုထားပြီး တည်ဆောက်လည်ပတ်လွှဲပြောင်း (Build Operate Transfer) စနစ်နဲ့ လုပ်နေတဲ့ လုပ်ငန်းတွေ ရှိပါတယ်။

လျှပ်စစ် ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှာ၊ နိုင်ငံခြားလုပ်ငန်းတွေနဲ့ (၃)ခု၊ မြန်မာကုမ္ပဏီတွေနဲ့ (၄)ခု၊ ဆိပ်ကမ်းတည်ဆောက်ရေးမှာ နိုင်ငံခြားပိုင်လုပ်ငန်း (၃)ခု၊ မြန်မာကုမ္ပဏီ (၉) ခု၊ လမ်းပန်းဖောက်လုပ်ရေးမှာ၊ နိုင်ငံရေးကုမ္ပဏီ (၂)ခု၊ မြန်မာကုမ္ပဏီ (၄၂)ခု၊ နေပြည်တော်လေဆိပ် တည်ဆောက်ရေးမှာ၊ မြန်မာကုမ္ပဏီ (၁)ခုတို့နဲ့ လုပ်နေတာကို တွေ့ရပါတယ်။

ဒီလုပ်ငန်းတွေ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေလည်း ရှိနေပါ

mgyoe.com

mgyoe.com
တယ်။ အဲဒါတွေကတော့၊ လုပ်သာကိုင်သာရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်မရှိသေးတာ၊ ထင်သာမြင်သာ မရှိသေးတာ၊ ထိရောက်တဲ့ စောင့်ကြည့်ကွပ်ကဲတဲ့စနစ် မရှိသေးတာ၊ စီမံခန့်ခွဲမှုစွမ်းရည် အားနည်းသလို၊ လေ့ကျင့်ပျိုးထောင်ထားတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ လုံလုံလောက်လောက် မရှိတာတွေ ဖြစ်ပါတယ်။ အရေးအကြီးဆုံး အချက်တစ်ချက်ဖြစ်တဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကပဲ အလေးပေး ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။

အထူးသဖြင့် ပြောစရာရှိနေတာတစ်ခုက၊ ပြည်သူပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဖို့ ဘယ်လောက်အဆင်သင့် ဖြစ်သလဲဆိုတာကို သုံးသပ်ကြရာမှာ၊ ပြည်သူပိုင်ကဏ္ဍ အကောင်းဘက်ကို ပိုမြင်ပြီး၊ ပုဂ္ဂလိက ကဏ္ဍကတော့ သိပ်ပြီး အကောင်းမြင်တဲ့ အခြေအနေမျိုး မရှိသေးပဲ၊ အမြင်တွေ ကွာဟနေတာ တွေ့ရပါတယ်။ ဥပမာ– စီးပွားရေး တိုးတက်မှုနဲ့ ပတ်သက်ရင်၊ ပုဂ္ဂလိက ကဏ္ဍက သိပ်ပြီးအားရကျေနပ်မှု မရှိလှတာ တွေ့ရပါတယ်။ ဒါကလည်း လောလောဆယ် ရောက်နေတဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးမှုအဆင့်မှာ ဒီလိုပဲ ဖြစ်တတ်ပါတယ်။

လက်ရှိ နိုင်ငံအဆင့် စီးပွားရေးပတ်ဝန်းကျင်၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရတဲ့ ပတ်ဝန်းကျင်၊ ငွေရေးကြေးရေး ဘဏ္ဍာရေးပတ်ဝန်းကျင်၊ တရားဥပဒေ၊ ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်း၊ အစိုးရ ပုဂ္ဂလိက လက်တွဲနိုင်မယ့် မူဝါဒ၊ စွမ်းရည်၊ လုပ်ငန်းစဉ်တွေနဲ့၊ လုပ်ငန်းစီမံကိန်း ရွေးချယ်မှု၊ လူမှုရေးဆိုတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်လို့၊ ပြည်သူပိုင်ကဏ္ဍက (၄၆%) လို့ အမှတ်ပေးပေးမယ့်၊ ပုဂ္ဂလိကကဏ္ဍက (၃၂%)ပဲ အမှတ်ပေးပါတယ်။ အခုလို အမြင်ကွာခြားနေတဲ့အတွက်လည်း၊ စောစောက ပြောခဲ့သလို၊ ဆွေးနွေးညှိနှိုင်းမှု (PPC, PPD) တွေပိုပြီး လိုအပ်တယ်လို့ ပြောရတာပါ။ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းတွေမှာ ပုဂ္ဂလိကကဏ္ဍက ပိုပြီး တက်တက်ကြွကြွ ပါဝင်ဖို့၊ လုပ်ဆောင်စရာတွေ အများကြီးရှိနေသေးတာကို ညွှန်ပြနေပါတယ်။ ပုဂ္ဂလိက ကဏ္ဍဘက်ကလည်း ပိုပြီး လေ့လာစရာ၊ နားထောင်စရာ၊ ပြောစရာတွေ ရှိနေပါသေးတယ်။

အထူးသဖြင့် ပြည်သူပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍ လက်တွဲဖို့အတွက် မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ ချဖို့လိုနေပါသေးတယ်။ တစ်ဖက်မှာတော့ အခုလည်း လက်တွေ့လုပ်ဆောင်နေတာတွေ ရှိနေတဲ့အတွက် လက်ရှိ အကောင်အထည်ဖော်နေတဲ့ မူဝါဒတွေကို ပြန်လည်သုံးသပ်ပြီး၊ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဖော်ထုတ်သင့်တယ်လို့ ESCAP က သုံးသပ်ပြကြပါတယ်။ အဲဒီလိုပုံစံမှာ အဓိပ္ပာယ် သတ်မှတ်ချက်၊ မူဝါဒ (လုပ်ငန်းစီမံကိန်းဖော်ထုတ်ရေး၊ ရေးဆွဲရေး၊ ဝယ်ယူရေး၊ သဘောတူစာချုပ် ချုပ်ဆိုရေးနဲ့ စောင့်ကြည့်ရေးအဆင့်တွေ ပါဝင်တဲ့) လုပ်ငန်းစဉ်၊ လုပ်သာကိုင်သာတဲ့ ပတ်ဝန်းကျင် ဆောင်ရွက်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ယန္တရား၊ စီမံခန့်ခွဲရေး ယန္တရားဆိုပြီး အဆင့်–၆ ဆင့် ခွဲထားပါတယ်။

■

mgyoe.com

mgyoe.com

# အသံနှင့်ဆူညံသံများ

## (Voices and Noises)



တစ်ရက်က စီးပွားရေးဖွံ့ဖြိုးမှု လေ့လာရေးအဖွဲ့ လာမယ်၊ မနက်စောစော ချီတက်ခဲ့ပါဆိုလို့ အပြေးအလွှား သွားပါတယ်။ တွေ့တော့လည်း မိတ်ဟောင်းဆွေဟောင်း၊ သိဟောင်း ကျွမ်းဟောင်းတွေပါပဲ။

ကျွန်တော်က လူရင်းတွေလည်းဖြစ်၊ နဂိုကတည်းက နောက်တတ်ပြောင်တတ်တဲ့သူဆိုတော့ စီးပွားရေး ဖွံ့ဖြိုးဖို့ဆိုတာ လေ့လာစရာလား၊ လုပ်ရမယ့်ဟာ မဟုတ်လားလို့ ပြောဖြစ်ပါသေးတယ်။ တကယ်တော့ စီးပွားရေးဖွံ့ဖြိုးဖို့ဆိုတာ လေ့လာရမယ့်ကိစ္စလည်း ဟုတ်ပါတယ်။ တကယ်တော့၊ လေ့လာရေးအဖွဲ့ဝင်တွေသာမက လေ့လာရေးအဖွဲ့ဝင် မဟုတ်သူတွေရော၊ သူသူကိုယ်ကိုယ်၊ လေ့လာကြရမှာပါ။ အခုမှ လေ့လာတာတော့လည်း မဟုတ်ပါဘူး။ ဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ လက်တွေ့နယ်ပယ်ကလူတွေ၊ စီးပွားရေးလုပ်ငန်းတွေရဲ့ အသံတွေကိုလာပြီး၊ နားထောင်ကြည့်တဲ့ သဘောပါပဲ။ နားထောင်ပြီးရင်တော့ ဌာနဆိုင်ရာတွေက မဟာဗျူဟာချမှတ်ကြ၊ ရေးဆွဲကြတဲ့အထဲမှာ ထည့်သွင်းစဉ်းစားလို့ ရတာပေါ့။

တစ်ဘက်က ပြန်ကြည့်ရင် ဟိုတုန်းက အဲသလို မလေ့လာ၊ နားမထောင်ဘဲ လုပ်ခဲ့သလို ဖြစ်နေတာမို့ ဒါလည်း

mgyoe.com

mgyoe.com

တိုးတက်ပြောင်းလဲမှု တစ်ရပ်လို့ ဆိုနိုင်တယ်။

တစ်လောကတော့ မိတ်ဆွေတစ်ယောက်က အစိုးရဟာ အများကြိုက်တွေ လုပ်နေတယ် ဆိုလို့၊ အများကြိုက် လုပ်ပါစေဗျာ– ဟိုတုန်းက အများကြိုက်တာဆိုတာ ထည့် တောင်တွက်တာ မဟုတ်ဘူးလို့ ပြောရပါသေးတယ်။

အဲဒီတွေ့ဆုံပွဲမှာပဲ မီဒီယာတွေဘက်က ပြောဆိုမယ့်၊ မြန်မာနိုင်ငံ စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးမလာလို့၊ ချော ဆွဲတာနဲ့ ပြည်သူလူထုရဲ့ အမြင်ဆိုပြီး၊ မတန်မရာ ခေါင်းစဉ်ကြီးကို ပြောရပါတယ်။ တကယ်တော့ ကျွန်တော့်အမြင် ဟာ ကျွန်တော့်အမြင်ပဲဖြစ်ပြီး စာနယ်ဇင်းရဲ့ အမြင် မဟုတ် သလို ပြည်သူ့အမြင်လည်း မဟုတ်ပါဘူး။ ကိုယ့် အမြင်ကို စာနယ်ဇင်းရဲ့အမြင်၊ ပြည်သူ့အမြင်လို့ ပြောရင် တရားမျှတမှု မရှိပါဘူး။

စာနယ်ဇင်း သင်တန်းသားတွေနဲ့ တွေ့တဲ့အခါမျိုး တွေမှာလည်း ဒီအကြောင်း မကြာခဏ ပြောမိပါတယ်။ တစ်မြို့လုံး ဈေးတက်နေတဲ့ကြားထဲက၊ ချောင်ကြို ချောင် ကြား တစ်နေရာက၊ ဈေးကျတယ်ဆိုတဲ့ သတင်းဆွဲထုတ် ရေးတာမျိုးကို သာဓကပေးမိပါတယ်။

မိတ်ဆွေတစ်ယောက်ကတော့ ဆူသံ (Noise) ဆိုတဲ့ နာမည်နဲ့ ဂျာနယ်ထုတ်ကြရအောင် လို့ ပြောပါတယ်။ ကျွန်တော်တို့တစ်တွေမှာ အခုတစ်လော အသံတွေ အတော် ကြားရတယ်။ အသံတွေကလည်း စုံမှစုံ၊ ခက်တာက ဘယ်ဟာက တကယ့်အသံ၊ တကယ်ကိုယ်စားပြုတဲ့ အသံမှန်း ခွဲခြားရ ခက်လာပါတယ်။ တစ်နည်းအားဖြင့်တော့ တကယ့်အသံ (Voice)နဲ့ ဆူညံသံ (Noise) ကို ခွဲဖို့၊ ဆူညံ သံတွေထဲက၊ တကယ့်အသံ (Voice) ကို ခွဲထုတ်ဖို့၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံနဲ့ဉာဏ်ပညာတွေ လိုအပ်လာပါတယ်။

ကျွန်တော်တို့တွေ့ရတဲ့ အသံတွေထဲမှာက ဘက်လိုက်တဲ့အသံတွေ၊ ပုဂ္ဂိုလ်စွဲတွေ၊ ခံစား ချက်လွန်ကဲတဲ့ အသံတွေ အများအပြား ရှိနေပါသေးတယ်။ ပြီးတော့ ဆက်သွယ်ပုံ ဆက်သွယ် နည်းမဖြောင့်တန်းတဲ့အတွက် ပြောကား ပြော၏ မကြားရ၊ နားထောင်ပါသော်လည်း မကြားမသိရ တာတွေကလည်း ရှိနေသေးတာကိုး။

ပေးချင်တဲ့သတင်း၊ ယူချင်တဲ့သတင်းတွေကလည်း ခြားနားနေပြန်တော့ သူ့အတွက်အသံ၊ ကိုယ့်အတွက်ကျ ဆူညံသံ။ ကိုယ်လိုချင်တဲ့ အသံကျပြန်တော့လည်း မရ။

ဒီ့အပြင် ကျွန်တော်တို့ စတင်ကျင့်သုံးခါစ သက်တမ်းတစ်နှစ်တောင် မပြည့်သေးတဲ့ အချိန် မှာ အရင်တစ်နေရာကပဲ ထွက်တဲ့အသံတွေဟာ ဟိုနေရာကလည်း ထွက်၊ ဒီနေရာကလည်းထွက်။ အဲဒီ အသံပေါင်းစုံကို ပေါင်းစည်းရ၊ စုစည်းရ၊ ညှိနှိုင်းရတဲ့အလုပ်တွေ၊ ကျွမ်းကျင်မှုတွေကလည်း လိုအပ်လာပြန်ရော။ စာတွေဖတ်ဖတ်နေရတဲ့အထဲမှာ ပါတဲ့ ဝင်ရိုးပေါင်းစုံ (Multi Polar)ဖြစ်လာ တယ်ဆိုတာ ဒါပဲထင်ပါရဲ့။

mgyoe.com

mgyoe.com

သတင်းလောကကလည်း ပြည်သူပိုင်ကဏ္ဍနဲ့ တခြားပုဂ္ဂလိက လောကတွေလို၊ ကျွမ်းကျင်မှု မြင့်မားတဲ့ ဝန်ထမ်းတွေ လိုချင်သလောက် မရနိုင်တာနဲ့ ဝန်ထမ်းလိုအပ်သည်ဆိုတဲ့ ကြော်ငြာ တောက်လျှောက် ထည့်နေရတာ ရှိပါတယ်။ ဒါကြောင့် ကျေးရွာအဆင့်အထိ သတင်းရယူဖို့ ကျေးရွာအဆင့်အထိ၊ ကိုယ်ပေးချင်တဲ့ သတင်းတွေ ရောက်ဖို့ဆိုတာ အလှမ်းဝေးနေဆဲပါပဲ။

သေချာပေါက် ပြောနိုင်တာက အများပြည်သူ အကျိုးစီးပွား တိုးတက်အောင် ဘယ်လောက်လုပ်နိုင်သလဲ၊ ဘယ်လောက် မြန်မြန်တိုးတက်အောင် လုပ်နိုင်သလဲဆိုတာနဲ့ ဒီနေ့ လုပ်ဆောင်မှုတွေ အားလုံးကို အကဲဖြတ်ခံရမယ်ဆိုတာ မမေ့ကြဖို့ပါ။ နောက်ဆုံးတော့ ပြည်သူ့ အသံက ဆူညံသံတွေ အားလုံးကို ကျော်ဖြတ်သွားမယ်လို့ မျှော်လင့်ယုံကြည်ပါတယ်။

■

mgyoe.com

mgyoe.com

# မပူကြသူများ

၁၂

ကျွန်တော့်စိတ်အထင်တော့ လူတွေဟာ ကိုယ့်အတွက်မပူပဲ၊ သူများအတွက်ပဲ လိုက်ပူနေကြတယ်လို့ ထင်မိတယ်။

ခင်ဗျားကရောလို့ ပြန်မေးစရာရှိပါတယ်။

ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို၊ ကျွန်တော်ပြန်မေးကြည့်ဖူးပါတယ်။

"နေဦးဗျ ကျွန်တော့်ပုံက အမြဲတမ်းအားနေတဲ့ပုံ ပေါက်သလား၊ ဘာမှမလုပ်ပဲထိုင်စားနေတဲ့ပုံ ပေါက်သလားဗျ" ဆိုတော့ သူက "ဆရာက၊ သူများလို၊ ခပ်သုတ်သုတ် သွားလာလှုပ်ရှားနေတဲ့ပုံ မဟုတ်လေတော့၊ အမြဲတမ်းအားနေတယ် ထင်ကြပုံရတယ်။ သူများလို ညည်းသံ သိပ်မကြားရတော့၊ ဘာမှလုပ်စရာမလို၊ ဘာမှလည်းမလုပ်ပဲ၊ အငြိမ်းစားလို့ ထင်ကြပုံရတယ်။ ဒါကြောင့် ဆရာ့ကို လူတွေက၊ သူတို့တွေ့ချင်တဲ့အချိန် လာတွေ့၊ အားနေတယ်ထင်ပြီး သူတို့ခိုင်းချင်တာတွေ၊ လာလာခိုင်းကြ၊ ဖုန်းဆက်ခိုင်းကြ လုပ်နေကြပုံရတယ်" လို့ ဆိုတယ်။ ကျွန်တော်နဲ့ အနီးစပ်ဆုံးလူ ဆိုတော့ သူပြောတာ မှန်သင့်သလောက် မှန်မယ်။

"တချို့မိတ်ဆွေတွေက ဆရာက စိတ်မပူတတ်တာ မဟုတ်ဘူး၊ မပူချင်ယောင်ဆောင်နေတာ" လို့ ပြောပြန်တယ်။

ကျွန်တော့်ကိုယ်ကျွန်တော် ထင်တာကတော့ ကျွန်တော်

mgyoe.com

mgyoe.com

က ကိုယ့်အတွက်လလည်းမပူလှ၊ သူများအတွက်လည်း သိပ်မပူလှပါဘူး။ ပူစရာတွေမရှိလို့တော့ မဟုတ်ပါဘူးဗျာ။ ကိုယ့်အတွက် မပူတာက ကိုယ်မလုပ်နိုင်တာတွေကိုလည်း သိတယ်၊ ကိုယ်လုပ်နိုင်တာကိုလည်း သိတယ်၊ ကိုယ် လုပ်ချင်တာတွေကိုလည်း သိတယ်၊ ကိုယ်မလုပ်ချင်တာတွေကိုလည်း သိတယ်။ အားလုံး‌တော့ မဟုတ်ဘူးပေါ့။ တော်တော်များများ သိတယ် ထင်တာပါ။ ရုပ်တွေ နာမ်တွေအထိတော့ ဘယ်သိမလဲဗျာ။

သူများအတွက် မပူတာက အကြောင်းမသိသေးရင်တော့ တမျိုးပေါ့။ အကြောင်းသိလာရင်၊ သူဘာလုပ်မယ် ဘာဖြစ်မယ်ဆိုတာ၊ အတော်များများ သေချာပေါက်သိ ထားတယ်။ ဘာတွေလုပ်တတ်တယ်ဆိုတာ သိတယ်၊ ဘာတွေမလုပ်တတ်ဘူးဆိုတာ သိတယ်။

ကိုယ်ရေးကိုယ်တာတစ်ခု ပြောပြရဦးမယ်။ ကျွန်တော်က အမြှောက်ကြိုက်တာကိုသိ၊ မြှောက်လည်း မြှောက်ပေးတတ်တဲ့ တပည့် တချို့က၊ ကျွန်တော့်ကိုပြောတယ်။ ဆရာက စာသင်လည်းကောင်း၊ စာရေးလည်း ကောင်းတယ်၊ ဒါတောင် ရာထူးမတက်ဘူး။ ဟိုဆရာ တစ်ယောက်ကျ ရာထူးတက်တယ်၊ ဘာလို့လဲ ? ဆိုပြီး ရန်တိုက်ပေးတယ်။

ကျွန်တော့်အဖြေကလည်း ရှင်းပါတယ်။ စာသင်ကောင်း၊ စာရေးကောင်းတယ်ပဲ ထားပါဦး၊ ဒီအရည်အချင်းတွေကြောင့် ရာထူးတက်ရမယ်လို့ သတ်မှတ်မထားဘူး၊ ရာထူးတက်ဖို့ သတ်မှတ်ထားတဲ့ အရည်အချင်းတွေ၊ ငါ့မှာ မရှိလို့၊ ငါ မလုပ်တတ်လို့၊ ရာထူးမတက်တာပဲ။ သူနဲ့ငါ ဆုတောင်းချင်းတူပုံ မရဘူးလို့ ပြန်ဖြေလိုက်ပါတယ်။

အခုဆို ကျွန်တော်က တစ်ရက်တစ်ရက်၊ တစ်ပတ် တစ်ပတ်၊ ဘာပြောရ၊ ဘာရေးရမလဲဆိုတာ စဉ်းစားတယ်။ ကျွန်တော့်အလုပ်ကို ကျွန်တော်အတန်အသိ ကျွမ်းကျင်တယ်။ အတန်အသင့်လည်း လုပ်နိုင်တယ်။ လုပ်လည်း လုပ်တယ်။ လုပ်ပြီးရင် ပြီးပြီ၊ ကျန်တဲ့ကိစ္စ သိပ်စိတ်မဝင်စားဘူး။ ကဲ့ရဲ့လာတာမခံချင်၊ ချီးကျူးတာပဲ ခံချင်ပေမယ့် မဟုတ်ပဲနဲ့ ကဲ့ရဲ့တာ၊ ချီးကျူးတာတွေကို ခံလဲမခံချင်၊ ဂရုတစိုက်လည်း နားမထောင်ချင်ပါဘူး။ အရှင်ဆေကိန္ဒ မိန့်သလိုဘေးကြည့်ရင်၊ ဘေးတွေ့မှာ ကြောက်တယ်။ ရှေ့မရောက်မှာ ကြောက်တယ်။

ဆောင်းပါးအစက စကားနဲ့ဆက်ရရင် တစ်နေ့တစ်နေ့ ကျွန်တော်ကြားရတာတွေ၊ တယ်လီဖုန်းဆက်ပြီး ပြောကြတာတွေ၊ သူများညံ့ဖျင်းကြောင်း၊ ကိုယ်တော်ကြောင်း၊ ကျွန်တော် ပြန်ပြောတာကလည်း ကျွန်တော်တော်ပြီး၊ သူများညံ့ဖျင်းတဲ့အကြောင်း။

တကယ်လို့သာ ကျွန်တော်တို့ဟာ ကိုယ့်အားနည်းချက်ကို သိပြီး၊ အားကောင်းအောင် လုပ်ရင် သူများလက်ညှိုးထိုးတာထက် ကိုယ့်ကိုယ်ကို လက်ညှိုးထိုး၊ အာရုံပြု၊ မညာမတာကြည့်၊ ဉာဏ်မျက်စေ့နဲ့ကြည့်ပြီး ကိုယ့်အတွက် ကိုယ်ကြိုးစားကြမယ်ဆိုရင်၊ သူများကိုပြောဖို့ အချိန်လဲ သိပ်ရှိမှာ မဟုတ်ဘူး။ သူတစ်ပါးအတွက် လိုက်ပူနိုင်ကြမှာ မဟုတ်ဘူး။ ကိုယ်ကောင်းအောင်၊ ကိုယ်တတ်အောင်၊ ကိုယ်တော်အောင်၊ မပူကြလို့သာ၊ သူတစ်ပါးအတွက် ပူပန်ချိန်တွေ ရနေတယ်လို့ ထင်မိကြောင်းပါ။

mgyoe.com

mgyoe.com

၁၃

# စီးပွားရေးသုံးသပ်ချက် (၁)

ကျွန်တော်တို့တစ်တွေဟာ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံဆိုတဲ့ ဆင်ကြီးနှစ်ကောင်ရဲ့ကြားမှာ ရောက်နေတာကို မကြာခဏ ရည်ညွှန်းတတ်ကြပါတယ်။ ပြီးတော့၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုမှာ၊ တခြားနိုင်ငံတွေရဲ့နောက် ရောက်နေတာကိုလည်း မကြာခဏ ပြောတတ်ကြပါတယ်။

ဒါပေမဲ့ အခုလို ပြောကြရာမှာ၊ ကျွန်တော်တို့တတွေက စိန်ခေါ်မှုအနေနဲ့ ပြောကြတာဖြစ်ပြီး၊ အခွင့်အလမ်း တစ်ရပ်အနေနဲ့ မြင်ထားတာမျိုး မဟုတ်ပါဘူး။

တစ်ရက်က ဟောပြောပွဲမှာတော့၊ ကျွန်တော်တို့ ဆရာ ဆရာကြီးများ ဖြစ်ကြတဲ့၊ ဒေါက်တာဖင်ဒလေးနဲ့ ဒေါက်တာလှမြင့် တို့ရဲ့ ဟောပြောချက်တွေကြောင့်၊ ကျွန်တော်တို့ အတော်လေး အားတက်ခဲ့ရပါတယ်။

အင်အားကြီး နိုင်ငံကြီးနှစ်ခု၊ ဆင်ကြီးနှစ်ကောင်ရဲ့ကြားမှာ ရောက်နေတာက၊ ကိုယ်ခိုင်မာဖို့၊ တောင့်တင်းဖို့၊ အင်အားကောင်းဖို့ ဖြစ်လာတာလို့၊ ဆရာကြီးတွေက ဆိုပါတယ်။ တရုတ်နဲ့ ဂျပန်ကြားကို ရောက်နေတဲ့၊ ကိုရီးယားကိုလည်း ဥပမာပြပါတယ်။ တကယ်လို့သာ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံကြားမှာသာ မရှိရင်၊ ကိုရီးယန်းတွေ အခုလို ခိုင်မာတောင့်တင်းလာမှာ မဟုတ်ဘူးတဲ့။

mgyoe.com

mgyoe.com
ဒါကြောင့် ကျွန်တော်တို့တစ်တွေ အကောင်းဆုံးလုပ်ကြပါ၊ အကောင်းဆုံး ကြိုးစားကြပါလို့ သူတို့က မှာပါတယ်။

တိုးတက်ဖွံ့ဖြိုးမှုမှာ နောက်ကျတဲ့အတွက်လည်း ကောင်းတာတွေ ရှိပါတယ်။ ကိုယ့်ရှေ့က သွားခဲ့တဲ့ နိုင်ငံတွေဆီကနေ သင်ခန်းစာယူစရာတွေ အများကြီးရှိတယ်။ သူတို့မှားပြီးသားကို ထပ်မှားစရာ မလိုဘူး။ ပြုပြင်ပြောင်းလဲမှုစပြီး တာထွက်ပြီဆိုတာနဲ့ မြန်မြန်သွားလို့ရတယ်။ ဒါပေမဲ့ နံပါတ် (၁) ပဲလုပ်မယ် နံပါတ် (၂)ပဲလုပ်မယ်လို့ လုပ်နေလို့မရဘူး။ လုပ်စရာရှိတာတွေ အားလုံး လုပ်ရမယ် ဘယ်ဟာမှ ချန်ထားလို့မရဘူး။

ကံကောင်းတာက အိမ်နီးချင်း အာရှနိုင်ငံတွေ အတော်များများဟာ၊ ကမ္ဘာ့အဆင့်မီ နိုင်ငံတွေ ဖြစ်နေပြီး ကံသိပ်မကောင်းတာကတော့ မြန်မာနိုင်ငံဟာ သူတို့နောက် ရောက်နေတာပါ။ အိမ်နီးချင်း အာရှနိုင်ငံတွေကို အမီလိုက်နိုင်ရင် မြန်မာနိုင်ငံဟာ ကမ္ဘာ့အဆင့်အတန်းမီ နိုင်ငံတစ်နိုင်ငံ ဖြစ်လာမှာပါ။

ပြုပြင်ပြောင်းလဲမှုလုပ်ရာ၊ ဖွံ့ဖြိုးရေးလမ်းကြောင်း ရွေးချယ်ရာမှာ၊ ဘယ်နည်းကဖြင့် အကောင်းဆုံးပဲလို့ မရှိဘူး။ ဒါကြောင့် ရှေ့ကနိုင်ငံတွေရဲ့နည်းတွေ အများကြီးထဲက၊ ကိုယ်နဲ့ သင့်တော်ရာ နည်းတွေယူပြီး ပေါင်းစပ်ကျင့်သုံးနိုင်တဲ့အကြောင်း၊ ဆရာကြီးများက အကြံပြု ကြတယ်။

အရေးကြီးတာက ကိုယ်နောက်ကျနေတာကို သိဖို့၊ လက်ခံဖို့၊ တခြားနိုင်ငံတွေရဲ့ အတွေ့ အကြုံတွေကို လေ့လာချင်၊ တတ်ချင်၊ သိချင်၊ လုပ်ချင်ဖို့ပဲ ဖြစ်တယ်လို့ ပါမောက္ခ ဆရာကြီး ဖင်ဒလေးက ဆိုပါတယ်။

စီးပွားရေးလုပ်ငန်းတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်လို့ သူတို့ဟာ စေတနာ အလျောက် လာတာမဟုတ်၊ ငွေကြေးအကျိုးအမြတ်ကို ဦးတည်ပြီး လာတာဖြစ်လို့ သူ့အကျိုး ကိုယ့်အကျိုး မျှတကိုက်ညီအောင် ဆောင်ရွက်နိုင်ဖို့ သတိပေးသွားပါတယ်။

အချိန်တိုအတွင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်နေရလို့ မောနေကြပြီလား၊ ခြေကုန်လက်ပမ်း ကျနေကြပြီလားဆိုတဲ့ မေးခွန်းကိုတော့ ဆရာကြီး ဒေါက်တာလှမြင့်က အခုလို ငြင်းပယ်ပါတယ်။

ပြုပြင်ပြောင်းလဲမှုတွေဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် အကျိုးပြုနိုင်တယ်။ ဥပမာ– တိုင်းရင်းသားချင်း သွေးစည်းညီညွတ်ရေးနဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုဟာ တစ်ခုကိုတစ်ခု အထောက်အကူ ပြုနိုင်တယ်။ တစ်ခုလုပ်လို့ နောက်တစ်ခု လျော့သွားနိုင်တယ် ဆိုတာမျိုး မဟုတ်ဘူး။

နောက်တစ်ခုက ပုံသေအမြင်နဲ့ မကြည့်ပဲ ရှင်သန်ပြောင်းလဲတဲ့ အမြင်နဲ့ ကြည့်ဖို့လိုတယ်။ ပြည်တွင်းက လူအားငွေအားတွေသာမက၊ ပြည်ပက ဝင်ရောက်လာမယ့် လူအားငွေအားတွေ၊ နည်းပညာ အင်အားတွေကိုပါ ထည့်တွက်ရမယ်ဆိုပြီး သမ္မတကြီး ဦးသိန်းစိန်ရဲ့ စက်ာပူနိုင်ငံ ခရီးစဉ်က ရလဒ်တွေအကြောင်း သာဓကပြောပြီး ဆွေးနွေးသွားခဲ့ပါတယ်။
mgyoe.com

ကုလသမဂ္ဂ under secretary အထွေထွေ အတွင်း ရေးမှူးက ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နေပြည်တော်မှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲမှာ၊ ကုလသမဂ္ဂ အနေနဲ့၊ မြန်မာနိုင်ငံ ကြိုးပမ်းအားထုတ်နေတာတွေကို ထောက်ခံအားပေးတယ်။ ဒါပေမဲ့ ပြုပြင်ပြောင်းလဲမှု တွေ အားလုံးကို မြန်မာကပဲ ပိုင်ဆိုင်တယ်၊ မြန်မာကပဲ အကောင်အထည်ဖော်ရမှာ ဖြစ်တယ်။ ပြင်ပအကူအညီ အထောက်အပံ့တွေဟာ အရေးပါပေမယ့် မြန်မာနိုင်ငံက ချမှတ်ထားတဲ့ ပုံသဏ္ဍာန်နဲ့ စနစ်ထဲကပဲ ဖြစ်ရမှာလို့ ဆိုသွားပါတယ်။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေနဲ့ ပတ် သက်လို့ စလုပ်ခါစမှာ လုပ်စရာတွေက အများကြီး။ ဒါပေမဲ့ ကိုယ့် အင်အား မတောင့်တင်း မပြည့်စုံပဲနဲ့ အကုန်လျှောက်လုပ်နေရင် ပြဿနာရှုပ်မယ်။ ပြီးတော့ ပြုပြင်ပြောင်းလဲရေး လုပ်တာဟာ အကျိုးရှိတယ်ဆိုတဲ့ အကြောင်း၊ စောစောစီးစီး ပြသနိုင်ဖို့ဟာ အပြောင်းအလဲ အမှန်ရဖို့အတွက် အရေးကြီး တယ်။ ဒါကြောင့် ဘယ်ဟာကို ဦးစားပေးလုပ်မလဲ၊ ဘယ် အလုပ်ပြီးရင် ဘယ်အလုပ်ကို လုပ်မလဲဆိုတဲ့ အချိတ်အဆက်က အရေးကြီးတဲ့အကြောင်း သတိပေးသွားပါတယ်။

သူကတော့ နိုင်ငံခြားငွေ ဖလှယ်နှုန်းကိစ္စကို အဓိက လုပ်ရမယ့် အပြောင်းအလဲအဖြစ် ပြထားပြီး၊ ဒုတိယလုပ်ရမှာက စိုက်ပျိုးရေး၊ တတိယလုပ်ရမှာက ဘဏ္ဍာရေးကဏ္ဍတွေ ဖြစ်တယ်လို့ ပြောပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ အချုပ် အချယ်တွေဖယ်ရှံနဲ့ နိုင်ငံ အကျိုးရှိမယ်၊ ထုတ်လုပ်မှု စွမ်းအားတက်၊ ဆင်းရဲ နွမ်းပါးမှုလျော့ပြီး၊ ပို့ကုန်တိုးမယ်။ ဘဏ် လုပ်ငန်းနဲ့ ပတ်သက်လို့ ချေးငွေကို၊ အတိုးနှုန်း သက်သက်သာသာနဲ့ ရစေချင်တယ်။

ဖွံ့ဖြိုးမှုနောက်ကျတဲ့ မြန်မာနိုင်ငံအနေနဲ့ အကျိုး ကျေးဇူးကြီး(၃)ခု ရနိုင်တယ်ဆိုတာကိုတော့ သူက ထပ်ပြီး ပြောပါသေးတယ်။ သဘာဝသယံဇာတတွေ ပေါကြွယ်ဝလို့၊ အဲဒီ သယံဇာတတွေ အားကိုးတဲ့ ဖွံ့ဖြိုးရေး မူဝါဒတွေ ချမှတ်ရင်၊ လူမှုရေးနဲ့ စီးပွားရေး ပြဿနာတွေ ဖြစ်နိုင်တယ်။ သယံဇာတကရတဲ့ငွေကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သုံးရမယ်။ နည်းပညာ အသစ်တွေက၊ မြန်မာနိုင်ငံ ခုန်ပျံကျော်လွှားရေးနဲ့ ပတ်ဝန်းကျင် ညစ်ညမ်းမှု လျော့ပါးရေးကို အထောက်အကူ ပြုစေနိုင်တယ်။

တိုးတက်ရေးကို ဦးစားပေးတဲ့ရှေ့က အာရှနိုင်ငံတွေမှာ၊ လူမှုရေး မူဝါဒတွေ၊ လူမှုဖူလုံရေးတွေ အားနည်းခဲ့တယ်။ ဒါကြောင့် စီးပွားရေး၊ ကျန်းမာရေးနဲ့ သဘာဝဘေးအန္တရာယ်တွေကို ရင်ဆိုင်နိုင်စွမ်းအား နည်းစေတယ်။ အခုမှ လုပ်နေကြတုန်း ရှိသေးတယ်။ မြန်မာအနေနဲ့ အခုကတည်းက စလုပ်နိုင်တယ်။

mgyoe.com

စိုက်ပျိုးရေးနဲ့ ပတ်သက်လို့။ ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းနဲ့ ပတ်သက်လို့ သုံးနိုင်စွဲနိုင်တဲ့ ဈေးကွက်နဲ့ ကိုက်ညီအောင်လုပ်နိုင် အရေအတွက်အရ၊ ပမာဏအရသာ တိုးတက်မှုမဟုတ်ဘဲ၊ ငွေကြေးတန်ဖိုးအရပါ၊ တိုးတက်မှု ရနိုင်တယ်။ အထူးသဖြင့် ဓာတ်မြေသြဇာ သုံးစွဲမှု နည်းတဲ့ အတွက် သဘာဝအတိုင်း ထုတ်လုပ်တဲ့ ထွက်ကုန်ဈေးကွက်ကို ရယူနိုင်တယ်။ ကမ္ဘာလှည့် ခရီးသည် လုပ်ငန်းမှာလည်း ခရီးသည်တွေ အရောက်အပေါက်နည်းနေတဲ့ ကမ်းခြေတွေ အများကြီး ကျန်နေသေးတယ်။

ဒီအချိန်ဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ပြဋ္ဌာန်းမယ့် တကယ်အရေးကြီးတဲ့ အချိန်ဆိုတာ ပြည်တွင်းပြည်ပ ပညာရှင်တွေအားလုံးက လက်ခံ အသိအမှတ်ပြုကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အခွင့်အခါကောင်းတွေ အများကြီး လက်လွတ်ဆုံးရှုံးခဲ့ရပြီးပါပြီ။ အခုနောက်ဆုံး ရရှိတဲ့ အခွင့်အလမ်းက လက်လွှတ်ဖို့ မသင့်ပါဘူး။ ဒီအခွင့်အရေးကို ရယူအသုံးချ သွားဖို့ အရေးကြီးပါတယ်။ ပညာရှင်တစ်ယောက်ကတော့ လက်ရှိအခြေအနေကို၊ လူပုဂ္ဂိုလ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ မျှော်လင့်ချက်တွေပဲ ဖြစ်တယ်ဆိုတဲ့အကြောင်း ဆွေးနွေးသွားတာကို လည်း မှတ်သားမိပါတယ်။

■

mgyoe.com

mgyoe.com

# နားမဝင်သူများ

၃၄

သုံးရက်ကြာ တက်ရောက်ခဲ့ရတဲ့ ဆွေးနွေးပွဲမှာ ကျန်းမာရေး အပိုင်းကတော့ ကိုယ်မကျွမ်းဝင်တဲ့ ဝေါဟာရတွေကြားမှာ စိတ်ဝင်စားမှု နည်းတာတော့ အမှန်ပဲ။ ဒါပေမဲ့ ကျန်းမာရေး နယ်ပယ်မှာလည်း တခြားနယ်ပယ်တွေနဲ့ အတူတူ တွေ့ကြုံခံစားနေရတာတွေ ရှိပါတယ်။

သာဓကအနေနဲ့ ဆွေးနွေးပွဲပြီးခါနီးမှာ တာဝန်ရှိသူတစ်ယောက်က ကျွန်တော်တို့ဟာ ပြဿနာတချို့ကို သိပါတယ်။ အဖြေတချို့ကိုလည်း သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လက်တွေ့လုပ်ရမယ့် နေရာမှာ ပြဿနာရှိနေတယ်လို့ ပြောပါတယ်။ ရှေ့က ဆွေးနွေးချက်တွေထဲမှာလည်း အပြင်ကတော့ အကြံဉာဏ်တွေ ပေးကြပါရဲ့။ ပြည်တွင်းမှာက စွမ်းရည်ရှိကြရဲ့လား ဆိုတဲ့ မေးခွန်းတစ်ခု ပါလာပါတယ်။

အများအားဖြင့်တော့ ကျွန်တော်တို့တွေဟာ အလွယ်တကူ အထက်ကို လက်ညှိုးထိုးပြနိုင်ပေမယ့် ကိုယ့်အနီးပတ်ဝန်းကျင်မှာ၊ ကိုယ်ကိုယ်တိုင်မှာ ကိုယ့်အောက်မှာကိုက အားနည်းချက်တွေ၊ အကန့်အသတ်တွေ အများကြီးရှိနေပါတယ်။

ထိုင်းဆရာဝန်တစ်ဦးက ပေးသွားတဲ့အကြံ (၃)ခုကိုတော့ သဘောကျသား။

mgyoe.com

mgyoe.com

(၁) လုပ်ငန်းစဉ် မစမီကတည်းက မူဝါဒ ချမှတ်မယ့် သူတွေနဲ့ အသေအချာ ဆွေးနွေး တိုင်ပင်ပါ။ လုပ်ငန်းစဉ် စတင်မှ၊ ဒါမှမဟုတ် အတော် ခရီးရောက်နေမှ ဆွေးနွေး တိုင်ပင်တာမျိုးတွေ မလုပ်ပါနဲ့တဲ့။

(၂) ကိုယ်ပြောရ လုပ်ရမယ့် အကြောင်းအရာကို သေသေချာချာ သိအောင်၊ သေသေ ချာချာ ပြောနိုင်အောင် လုပ်ထားပါတဲ့။ ကိုယ်က သေသေချာချာ မသိရင်၊ သေသေ ချာချာ မပြောနိုင်ရင်၊ သူများနားပေါက်အောင် ပြောနိုင်ဖို့ အခက်သား။

(၃) တတိယအချက်ကတော့ အရပ်ဘက် အဖွဲ့အစည်းတစ်ခုနဲ့ ဆက်ဆံပြီး၊ သူတို့ရဲ့ ပူးပေါင်း ပါဝင်မှုကို ရယူပါ။ သူတို့ရဲ့ နိုင်ငံရေးအရ ခေါင်းဆောင်မှုဟာ အရေးကြီးပါ တယ်တဲ့။

သူပြောတဲ့အချက်(၃)ချက်နဲ့ဆိုရင်၊ ကျွန်တော်တို့ ပြောဆိုလုပ်ကိုင်နေတာတွေနဲ့ လွဲနေတာ တော်တော်များများ တွေ့ရတယ်။ ကျွန်တော်တို့ဟာ မူဝါဒချမှတ်သူတွေ နား ပေါက်အောင်၊ မပြောနိုင်ခဲ့ကြတာ၊ နားမပေါက်တာ၊ နားမဝင် တာတွေ၊ အတော်များပါတယ်။

ပညာရေးဆွေးနွေးပွဲမှာတောင် ဇည့်သည်ဆရာကြီး တစ်ယောက်က အခု ကျွန်တော်တို့ တစ်တွေရဲ့ ဆရာ့ဆရာကြီးတွေ ပြောနေတာဟာ သူတို့နှစ်ပေါင်းများစွာ ပြောခဲ့ပြီး နားမပေါက်ခဲ့တဲ့ ကိစ္စတွေပဲလို့ ဆိုပါတယ်။ ခက်တာက အဲ့ဒီဆရာ့ဆရာကြီးတွေ ပြောတာ၊ ကိုယ့်ဆီမှာသာ နား မပေါက်ခဲ့တာ သူများက လိုက်နာကျင့်သုံးပြီး၊ အကောင် အထည်ဖော် အောင်မြင်သွားကြပြီးသား ဖြစ်နေပါပြီ။ ရယ်စရာတစ်ခုကတော့ ကမ္ဘာ့အဆင့်မီတွေ အာရှ အဆင့်မီတွေ လုပ်မနေကြပါနဲ့။ ၁၉၆၂ ခုနှစ် မတိုင်မီက မြန်မာ့အဆင့်ကို မီအောင်လုပ်ရင် ပြီးပြီဆိုတဲ့ သုံးသပ်ချက်ပါ။ သမိုင်းဘီးကို နောက်ပြန်လှည့်ဖို့ ဆိုတာကလည်း အခက်သားလေ။

ကျန်းမာရေးဟာ စီးပွားဖြစ် ထုတ်ကုန်တစ်ရပ်၊ အရောင်းအဝယ် လုပ်စရာတစ်ခု မဖြစ်သင့် ဘူးဆိုတဲ့ ဆွေးနွေးချက်ကို သဘောကျမိပါတယ်။ ပညာရေးနဲ့ ဆွေးနွေးကြရာမှာ၊ ပညာရေးဟာ၊ ဒီမိုကရေစီ လုပ်ငန်းစဉ်တွေနဲ့ ကင်းလွတ်မှုမရှိသင့်ဘူး။ ဆရာအဖွဲ့အစည်းတွေ၊ ကျောင်းသား အဖွဲ့အစည်းတွေ ရှိသင့်တယ်။ သက်ဆိုင်ဆက်နွယ်နေတဲ့ သူတွေရဲ့အသံ နာခံသင့်တယ်လို့၊ အငြိမ်းစားသံအမတ်ကြီးတစ်ယောက်က ဝေဖန်ပါတယ်။

အခု ကျွန်တော်တက်ခဲ့ရတဲ့ပွဲမှာ အလှူရှင်နိုင်ငံတွေ၊ အဖွဲ့အစည်းတွေက တက်ရောက်ကြ၊ ဆွေးနွေးကြတာ အတော်လေးကို များပါတယ်။ ဒေသနဲ့ နိုင်ငံတကာရဲ့ စိတ်ပါဝင်စားမှုကို ရတာ ဝမ်းသာစရာပါပဲ။ ဒါပေမဲ့ ပြည်တွင်းကအသံ သိပ်မထွက်နိုင်တာ၊ အချိန်မရတာ တွေ့ရတယ်။ အထူးသဖြင့် အကယ်ဒမီ ဆုပေးပွဲမှာ အံ့လိုက်ကျင်းလိုက် မြင်ခဲ့ရတဲ့ စာနယ်ဇင်းတွေရဲ့ စိတ်ပါ ဝင်စားမှု (ဒါမှမဟုတ်– စိတ်ဝင်စားနိုင်စွမ်း) နည်းတာကိုလည်း တွေ့ရတော့ စတုတ္ထမဏ္ဍိုင်၊ စတုတ္ထမဏ္ဍိုင်နဲ့ ပြောပြောနေကြတာကို၊ အားနာနေမိပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုး တိုးတက်ရေးတွေဟာ ဖျော်ဖြေရေးလောက် အရေးမပါလို့တော့ မဟုတ်တန်ရာ။ ရှေ့မှာ ပြောခဲ့ သလို နားမဝင်လို့ နားမပေါက်လို့ ထင်ပါရဲ့။

mgyoe.com

mgyoe.com

၁၅

# ကမ္ဘာမကျော်သူများ

သောကြာနေ့ညက ပြည်ပက ပြန်လာတဲ့ ကမ္ဘာကျော် မြန်မာ့စီးပွားရေး ပညာရှင်ကြီးတွေကို ကြိုဆိုဧည့်ခံပွဲ လုပ်ကြတယ်။ နိုဘယ်ဆုရှင် ပါမောက္ခ စတစ်ဂလစ်ဇ်လည်း ဧည့်ခံပွဲတက်တယ်။ တိုက်ဆိုင်ချင်တော့ အဲဒီနေ့ဟာ သူ့ရဲ့ (၆၃) နှစ်မြောက် မွေးနေ့ဖြစ်နေလို့ မွေးနေ့ကိတ်လေးတစ်လုံး စီစဉ်ပြီး မွေးနေ့အခမ်းအနားကို တစ်ပါတည်း ကျင်းပတယ်။ အဲဒီညက ဆရာကြီး ဒေါက်တာလှမြင့်နဲ့ ဆရာကြီး တာရော်နယ်ဖင်ဒလေးတို့က စကားပြောကြတယ်။

ဆရာကြီးနှစ်ယောက် စကားပြောကြတော့ မြန်မာနိုင်ငံထွက် ဆရာနှစ်ယောက်ဟာ ဆရာကောင်းတွေရဲ့ သင်ကြားပြသမှုကို ခံယူပြီး ပညာတော်သင်ခွင့်တွေ ရကြ၊ သင်တန်းကာလတစ်ခုအတွင်းမှာ သင်စရာမရှိတော့ဘူး။ ကိုယ့်ဘာသာကိုယ်သုတေသနလုပ်ကြ၊ ပါရဂူဘွဲ့သင်တန်း တက်ကြတော့လို့ ခွင့်ပြုခြင်းခံရတဲ့အကြောင်း၊ အခြေခံခိုင်တဲ့အကြောင်းတွေ ပြောပြကြတယ်။ ကမ္ဘာကျော်ဖို့ မြန်မာပြည်က စခဲ့တာပါ။

အဲဒီမှာ သင်ပေးတဲ့သူရယ်၊ သင်ပေးတဲ့နည်းရယ်၊ သင်ယူတဲ့သူဆိုတဲ့ အကြောင်းအရာ (၃) ခုကို စဉ်းစားစရာ အတော်လေးဖြစ်သွားတယ်။

mgyoe.com

mgyoe.com

ကျွန်တော်တစ်ခါက ဘွဲ့လွန်သင်တန်း တစ်ခုကို စာရွက်တစ်ရွက်ကိုင်ပြီး သင်တယ်။ အဲဒီစာရွက်ကို သင်တန်းသားတွေကိုဝေထားတယ်။ အဲဒီထဲက စာပိုဒ်တစ်ပိုဒ်ကို ရှင်းပြတယ်။ ပြီးတော့ တခြားစာအုပ်တွေ၊ စာစောင်တွေထဲက ကိုယ်ဖတ်ဖူးတာတွေ ရှင်းပြတယ်။ ပြီးတော့ ဆွေးနွေးစရာရှိတာ ဆွေးနွေးကြ၊ မေးစရာရှိတာ မေးကြဆိုတော့၊ ကျောင်းသားနှစ်ယောက် မေးခွန်းထမေးတာ ပက်လက်ကို လန်သွားတာ ပဲ။ အဲဒီကတည်းက စာမတတ်ချင်တဲ့သူတွေကို ငါစာမသင်ချင်ဘူးလို့ဖြစ်သွားတာပဲ။ နောက်ပိုင်း ဘွဲ့လွန် သင်တန်း တက်နေတဲ့သူတချို့နဲ့ တွေ့တဲ့ အခါ သူတို့ဆရာ မဖြစ်ရတာ ငါသိပ်ကံကောင်းတယ်လို့ တွက်မိပါတယ်။

ကျောင်းသားနှစ်ယောက်ရဲ့ မေးခွန်းကို ကြည့်ဦးလေ။ တစ်ယောက်က "အခု ဆရာသင်တာ ဘယ်နား ရောက်သွားပြီလဲ" တဲ့ နောက် တစ်ယောက်က ဝေါဟာရ တစ်လုံးကို ဖတ်ပြပြီး "အဲဒီ ဝေါဟာရရဲ့ အဓိပ္ပါယ်က ဘာလဲ" တဲ့။ အဲဒါဘွဲ့လွန်သင်တန်းပါ။

ဆရာကြီးနှစ်ယောက်က သူတို့ ဆရာတွေရဲ့ သင်ကြားတဲ့နည်း လွတ်လွတ်လပ်လပ် တွေးတတ်အောင် သင်ပေးနည်းကို ဂုဏ်ယူ ဝင့်ကြွားစွာ ပြန်ပြောကြတယ်။

ကျွန်တော့်သင်တန်းသားတွေကတော့ အခု အရာရှိ ကြီးတွေ ဖြစ်နေကြပြီ။ သူတို့ဆရာ ကျွန်တော်နဲ့ ပတ်သက်လို့ ကျွန်တော့်ရဲ့ သင်ကြားနည်းနဲ့ပတ်သက်လို့ ဂုဏ်ယူ နိုင်မယ်လို့ သိပ် မထင်ပါ။ မြန်မာပါမောက္ခဆရာကြီး (၂)ဦးနဲ့ နိုဘယ်လ်ဆုရှင် တို့ရဲ့ ဟောပြောပွဲကို လူ အတော်များများတက်လို့ နေရာတောင် မရှိဘူး။ ကျွန်တော်တောင် ၁၁ နာရီစမယ့်ပွဲကို ၉ နာရီ မထိုးခင်ကတည်းကရောက်တာ၊ ရပ်နေတာ မကြည့်ရက်တဲ့ မိတ်ဆွေတွေ နေရာပေးလို့ နေရာ လေးတစ်နေရာ ရတယ်။

ပြောတာဆိုတာက အင်္ဂလိပ်လိုဆိုတော့ အများစု နားလည်ပါ့မလား၊ စိုးရိမ်တယ်။ အများစုက နားလည်ကြပုံ ပေါ်ပါတယ်။ နားမလည်တဲ့သူတချို့လည်း ရှိပါတယ်။ အေးလေ။ ဘာသာပြန်ရေးပေးမှ ဖတ်ကြလို့ သူတို့ကို ပြောရပါတယ်။

ဆရာကြီး ဒေါက်တာဖင်ဒလေးက လက်တန်းပြောတယ် (ဟိုတုန်းကတည်းက မြေဖြူ နှစ်ချောင်းနဲ့ပဲ စာသင်တာတဲ့)။ ဆရာကြီး ဒေါက်တာလှမြင့်က အဆင်သင့်ရေးလာပြီး ဖတ်ပြ တယ်။ ဂျိုးဇက်စတစ်ကလစ်ဆိုတဲ့ နိုဘယ်လ်ဆုရှင်က ပါဝါပွိုင့်သုံးပြီး အပြောကောင်းကောင်းနဲ့ ပြောတယ်။ ပြောဆိုတင်ပြပုံ မတူပေမယ့် ပရိသတ်အတွက် အလွန်တန်ဖိုးရှိတယ်။

ကျွန်တော်တို့ ဘာသာရပ်တွေထဲမှာပဲ တွေ့ဖူးခဲ့တဲ့၊ ဘယ်တော့မှ တွေ့ရမယ်လို့ မျှော်လင့် မထားခဲ့တဲ့ ကမ္ဘာကျော် ဆရာကြီးတွေပါ။ သူတို့ဆရာတွေဆိုလည်း ကမ္ဘာကျော်တွေ။ ဆရာကြီး တွေ ပြောတဲ့အထဲမှာ သူတို့ဘယ်လို ကြိုးစားခဲ့ရတယ်ဆိုတာ ထုတ်မပြောပေမယ့် သူတို့အရင်း တည်ရတဲ့ ဉာဏအား၊ လုံ့လ၊ ဝီရိယအားတွေကို မှန်းဆလို့ ရပါတယ်)။ ဆရာကြီးတွေရဲ့ ဆရာတွေကလည်း သူတို့နဲ့ပတ်သက်လို့ ဂုဏ်ယူကြမှာပါပဲ။

ကျွန်တော်တို့ ဆရာတွေကရော ကျွန်တော်တို့အတွက် ဂုဏ်ယူကြလေမလား? ကျွန်တော်တို့ရဲ့ တပည့်တွေကရော၊ သူတို့ဆရာအတွက် ဂုဏ်ယူကြလေမလား?

mgyoe.com

mgyoe.com

# စီးပွားရေးသုံးသပ်ချက်(၂)

၁၆

နိုဘယ်လ်ဆုရှင်ရဲ့ ခရီးစဉ်အဆုံး ပြောကြားချက်များ

စီးပွားရေး နိုဘယ်လ်ဆုရှင် စတစ်ဂလစ်ဇ်ဟာ မြန်မာနိုင်ငံက အပြန်မှာ မြန်မာနိုင်ငံဟာ နိုင်ငံခြားငွေနဲ့ ပတ်သက်လို့ ကိုင်တွယ်ရာမှာ တိုးတက်မှုတွေ ရနေတဲ့အကြောင်း ပြောခဲ့ပါတယ်။ သူရဲ့ မြန်မာနိုင်ငံ ခရီးစဉ်အတွင်းမှာ သမ္မတကြီး ဦးသိန်းစိန် အပါအဝင် အစိုးရအရာရှိကြီးတွေ၊ ပညာရှင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ သူက မြန်မာနိုင်ငံဟာ ကျပ်ငွေတန်ဘိုးကို လွတ်လွတ်လပ်လပ် လွှတ်ထားတဲ့စနစ်အစား အခါအားလျော်စွာ အစိုးရက ဝင်ရောက်စွက်ဖက်တဲ့ Managed Float ငွေလဲလှယ်တဲ့စနစ်ကို ချမှတ်ဖို့၊ အများသဘောတူ လက်ခံထားတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံက ပြင်ပကမ္ဘာကို ဆက်လက်ပြီး တံခါးဖွင့်ပေးမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ ပြင်ပအကူအညီတွေ လိုမ့်ပြီး ဝင်လာတဲ့အခါ မြန်မာကျပ်ငွေရဲ့ တန်ဖိုး ထိုးတက်မယ့် အန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်တယ်။ မြန်မာကျပ်ငွေ တန်ဖိုး ထိုးတက်ရင် ပို့ကုန်တွေ ဈေးကြီးပြီး ပြိုင်ဆိုင်နိုင်စွမ်း ကျဆင်းမယ်။ မြန်မာ့စီးပွားရေး အထိနာမယ်။ ဒါကြောင့် လုံးဝလွှတ်ထားတဲ့ ငွေလဲလှယ်စနစ်ကို မြန်မာနိုင်ငံက ကျင့်သုံးမှာ မဟုတ်ဘူးလို့ သူက သုံးသပ်ပါတယ်။

mgyoe.com

mgyoe.com

စတစ်ဂလစ်ဇ်ဟာ မြန်မာအစိုးရကို ကိုယ်စားပြုပြီး ပြောနေတာ မဟုတ်ပါဘူး။ သူဟာ သမားရိုးကျ ဈေးကွက်ကို လွှတ်ပေးထားတဲ့ ဖွံ့ဖြိုးရေးမူဝါဒတွေကို အမြဲဝေဖန်တဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံသူတွေ၊ မြန်မာနိုင်ငံကို အကဲခတ်နေတဲ့ သူတွေကတော့ သူ့ရှုထောင့်ကို စိတ်ဝင်စားကြ၊ လေးစားကြပါတယ်။ သူဟာ ဖွံ့ဖြိုးရေးဘောဂဗေဒ ဘာသာရပ်နဲ့ ပတ်သက်လို့ ကျွမ်းကျင်တယ်။ မြန်မာခေါင်းဆောင်တွေနဲ့ ရင်းနှီးတယ်။ ကိုလံဘီယာတက္ကသိုလ် ပါမောက္ခလည်းဖြစ်၊ ၂၀၀၁ ခုနှစ် နိုဘယ်လ်ဆုရှင်လည်းဖြစ်တဲ့ ပါမောက္ခစတစ်ဂလစ်ဇ်ဟာ ၂၀၀၉ ခုနှစ်မှာ မြန်မာနိုင်ငံကို လာရောက်ပြီး ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အပါအဝင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဖို့ အကြံပေး ဆွေးနွေးခဲ့ပါတယ်။

မြန်မာခေါင်းဆောင်တွေဟာ ချေးငွေမရတဲ့ ကျေးလက်ဒေသကို ချေးငွေတွေ တိုးပေးဖို့ ဆောင်ရွက်နေတာ သူတွေ့ခဲ့တဲ့အကြောင်း၊ ဒါပေမဲ့ ဘယ်လောက်အတိုင်းအတာအထိ အကျိုးရှိမလဲ ဆိုတာတော့ ရှင်းရှင်းလင်းလင်း မသိသေးတဲ့အကြောင်း၊ လယ်သမားတွေရဲ့ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်မယ်ဆိုရင် ဟိုတုန်းကလို ကမ္ဘာပေါ်မှာ ထိပ်တန်း ဆန်တင်ပို့တဲ့ နိုင်ငံတစ်နိုင်ငံ ပြန်ဖြစ်သွားနိုင်တယ်လို့လည်း သူက ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ ရှုပ်ထွေးပြီး အမျိုးမျိုးဖြစ်နေတဲ့ နိုင်ငံခြားငွေ ဖလှယ်နှုန်းကိစ္စဟာ အရေးကြီးပြီး လူအများ စိတ်ဝင်စားတဲ့ကိစ္စလည်း ဖြစ်ပါတယ်။ စီးပွားရေး ပိတ်ဆို့ထားမှုနဲ့ အခြားပြဿနာတွေကြောင့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ရှောင်သွားခဲ့တဲ့ နိုင်ငံတကာကုမ္ပဏီကြီးတွေ ပြန်လာဖို့ဆိုရာမှာ ဒီဖလှယ်နှုန်းကိစ္စက အရေးတကြီး ကိစ္စတစ်ခု ဖြစ်နေပါတယ်။ လက်ရှိ ငွေလဲလှယ်တဲ့စနစ် အစိုးရက တစ်ဈေး၊ ဈေးကွက်ထဲမှာ တစ်ဈေး ဖြစ်နေတဲ့ စနစ်ကြောင့် စီးပွားရေးလုပ်ရတာ အခက်အခဲရှိကြပါတယ်။ ဒီစနစ်ကြောင့် အစိုးရက စီးပွားရေးကို ထိန်းချုပ်နိုင်တယ်။ ရေတိုမှာ ငွေဖောင်းပွမှု လျော့နည်းအောင် လုပ်နိုင်တယ်လို့ ဆိုကြပါတယ်။

အခုတော့ (၂၀၁၂–၁၃) ဘဏ္ဍာနှစ်ကစပြီး အစိုးရဌာနတွေ ကိုယ်တိုင်က ဈေးကွက်ပေါက်ဈေးကို လက်ခံကြတော့မှာပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ မြန်မာအစိုးရရဲ့ အရေးယူ ဆောင်ရွက်မှုဟာ အတော်လေး မြန်ဆန်တယ်လို့လည်း သူက သုံးသပ်ပါတယ်။

စတစ်ဂလစ်ဇ်က မြန်မာအစိုးရဟာ တခြားပြုပြင်ပြောင်းလဲမှုတွေလည်း လုပ်နေတယ်။ တချို့ ပြုပြင်ပြောင်းလဲမှုတွေက စမ်းကြည့်တဲ့သဘောမျိုး ဖြစ်ပုံရပြီး အောင်မြင်မှုရတာနဲ့ ဆက်လုပ်သွားမှာ ဖြစ်တယ်လို့ သူကတွက်ဆထားပါတယ်။

စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းပေးဖို့ သူကထောက်ခံပါတယ်။ အဲသလို ရုပ်သိမ်းလိုက်ရင် တာဝန်သိ၊ တာဝန်ရှိ၊ တာဝန်ကျေတဲ့ ကုမ္ပဏီတွေ ပိုပြီးဝင်လာကြမယ်။ ပတ်ဝန်းကျင်ထိခိုက်မှုနဲ့ တခြားပြဿနာတွေ နည်းနည်းနဲ့ စီးပွားရေးတိုးတက်မှုတွေ ရအောင်လုပ်နိုင်ရမယ်။

သဘာဝသယံဇာတ ပေါများပေမယ့် သယံဇာတကရတဲ့ ငွေကို အားကိုး၊ တိုးတက်သင့်သလောက် မတိုးတက်၊ ငွေတန်ဖိုးမြင့်နေတဲ့ ပြဿနာအတွက်တော့ သူက စိုးရိမ်မကင်း ဆက်ဖြစ်နေပေမယ့် အစိုးရက ကောင်းကောင်း သဘောပေါက်ပြီး စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဖို့

mgyoe.com